# ကြေးမုံ The Mirror

၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ ကြာသပတေးနေ့(8-12-2011) (ဖြေဖြ)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## မြန်မာ့တိုင်းရင်းဆေးပညာ၏ အခန်းကဏ္ဍသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များတွင် အလွန်အရေးပါ ကိုယ့်လူမျိုးကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ့်ဆေးပညာကိုတည်ထောင်ခဲ့ကြသည့် ဘိုးဘွားအဆက်ဆက်ကို ကျေးဇူးတင်အပ်

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့သည်။**

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ရင်းနှီးချစ်ကြည်စွာဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဝါးများ၏ အရည်အသွေး အဆင့်မီထက်မြက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူတို့၏ ကျန်းမာရေး ပိုမိုစောင့်ရှောက်နိုင်ရေးဟူသော မွန်မြတ်သည့် ဦးတည်မျှော်မှန်းချက်များနှင့်အညီ ၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်စဉ် အစဉ်အလာမပျက် အောင်မြင်စွာ **စာမျက်နှာ ၃ ကော်လံ ၁ သို့◆**

## ပြည်သူများသုံးစွဲကြသည့် တိုင်းရင်းဆေးဝါးများ၏ အာနိသင်ထက်မြက်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုကို အာမခံနိုင်ရမည် ခေတ်ပေါ်ဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးပညာပူးပေါင်းပြီး ကျန်းမာရေးစောင့်ရှောက်သည့် အစဉ်အလာကို ထိန်းသိမ်း

## တိုင်းရင်းဆေးသုတေသန မြှင့်တင်ဆောင်ရွက်နေသည့်အတွက် တိုင်းရင်းဆေးဝါးသစ်များထွက်ပေါ်လာရန် ရလဒ်ကောင်းများရရှိ

နေပြည်တော် ဒီဇင်ဘာ ၇

**(၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**



အဆိုပါ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ညီလာခံကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မိန့်ခွန်းပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို နှစ်စဉ်နှစ်တိုင်း ကျင်းပနိုင်ခဲ့ခြင်းမှာ နိုင်ငံတော်၏ပံ့ပိုးမှုနှင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့ကြသည့် အကျိုးကျေးဇူးများကြောင့် ကျင်းပနိုင်ခြင်းဖြစ်သည်ကို ဦးစွာပြောကြားလိုပါကြောင်း၊ နှစ်စဉ်ကျင်းပခဲ့သည့် မြန်မာ့တိုင်းရင်းဆေး **စာမျက်နှာ ၈ ကော်လံ ၁ သို့☆**



### မိန့်ခွန်း ပြောကြား

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ ဖွင့်ပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၈-၁၂-၂၀၁၁ [ကြာသပတေးနေ့]။

# စာဆိုရာသီ စာပေသမား စာပေစကား

အချိန်ကာလ မြူနှင်းတို့ဝေစည်သည့် ဆောင်းချမ်းမြရာသီ။ နတ်တော်လ စာဆိုရာသီ စာပေဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနေကြသည့်အချိန်။ မည်သည့် ကျေးရွာ၊ ရပ်ကွက်၊ မြို့ပြတွင်မဆို စာပေဟောပြောပွဲရှိသည်နှင့် စာပေပရိသတ်များစွာတို့ စုရုံးရောက်ရှိ လာရောက်နားထောင်ကြမြဲ ဖြစ်သည်။

စာပေဟောပြောပွဲဆိုသော်လည်း စာရေးဆရာချည်းသက်သက် ဟောပြောကြခြင်းမဟုတ်ဘဲ ဂီတအနုပညာရှင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ကဗျာဆရာ၊ ပညာရပ်ဆိုင်ရာ စာရေးဆရာများ စသည့် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ ပညာရှင်များလည်း ပါဝင်ဟောပြောကြသည်။ တတ်သိကျွမ်းကျင်နားလည်ရာ ပညာရပ်အလိုက် ပြောကြဆိုကြ သိဆိုသရုပ်ပြ ဟောပြောကြသည်။ ပရိသတ်အများ တစ်ခဲနက် အားပေးနေကြမြဲဖြစ်သည်။

စာပေသည် နယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းခြုံဆက်စပ်လှုံ့ဆော်ပေးနိုင်သည့် စွမ်းအားရှိသည်။ နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်၊ အကျင့်စာရိတ္တ၊ ရိုးရာယဉ်ကျေးမှု ထုံးဓလေ့များ ခိုင်ကျည်ရေး အထောက်အကူပြုသည်။ ထို့အတူ ဇာတိပုညဂုဏ်မာနဟုဆိုရမည့် အမျိုးသားရေးဂုဏ်ရည် အမျိုးသားရေးအားမာန် တက်ကြွရှင်သန်ရေး စာပေစွမ်းပကားဖြင့် ဖန်တီးပေးနိုင်သည်။

ထို့အတူ စာပေဟောပြောပွဲများတွင် သက်ဆိုင်ရာ ဟောပြောသူ စာပေပညာရှင်တို့က ဂန္ထဝင်စာကြီးစာကောင်းများသာမက အချိန်အခါ အခြေအနေနှင့် လိုက်ဖက်ညီသည့် လူ့အဖွဲ့အစည်း အကျိုးပြုနိုင်သည့် အကြောင်းအရာများကိုပါ ဟောပြောကြသည်။ အလှအပနှင့် ရသကို တီထွင်ဖန်တီးရာတွင် ထိရောက်မှုရှိသည့် ကဗျာများ၊ ပန်းချီကား တစ်ကား၊ ဂီတသံစဉ် တစ်ခု၊ ဝတ္ထုတို တစ်ပုဒ်စသည့် တင်ပြချက်တို့သည် ပရိသတ်၏ အာရုံသိမှုမှသည် ခံစားနားလည်ပြီး ဆင်ခြင်တုံတရားများ ရရှိစေသည်။

စာပေဟောပြောပွဲများမှ အချို့အနုစာပေဆိုင်ရာ စာရေးဆရာများ၏ ဟောပြောသီဆိုမှုတို့ကို စိတ်လှုပ်ရှားခံစားမှုဖြင့် တင်ပြကြရာ ရိုးယီးလေး ညာသံပေး၍ လှေလှော်ကြသည့် ရှုခင်းများကို မြင်ယောင်လာကြသည်။ လသာသာ မောင်းထောင်းရင်း သီဆိုကြသည့် မြန်မာ့ဓလေ့တေးများကို ကြားယောင်လာစေသည်။ လူသားနှင့် လူ့စိတ်သဘာဝ၊ ပတ်ဝန်းကျင်အခြေအနေ၊ ခေတ်ကာလတို့ကို စာပေပညာရှင်တို့က ပညာစွမ်းဖြင့် ဖန်တီးထင်ဟပ်ပြတတ်ကြသည်။

စာဆိုတော်ရာသီ စာပေပညာရှင်များ၏ စာပေဟောပြောပွဲများသည် စာပေအနုပညာဖန်တီးသူနှင့် ပရိသတ်၏ ခံစားမှုအတွေ့အကြုံအကြား ပေါင်းကူးပေးခြင်းဖြစ်သည်။ အနုပညာရှင်တို့၏ ဟောပြောတင်ဆက်မှုသည် ပရိသတ်အပေါ် ဩဇာသက်ရောက်မှုများစွာရှိသည်။ အထူးသဖြင့် ကိုယ်ကျင့်တရားနှင့် အသိတရားအပေါ် ဩဇာသက်ရောက်မှုကြောင့် Life Style ဘဝဟန်အချို့ကိုပင် ပြောင်းလဲပစ်နိုင်စွမ်းရှိသည်ဟု ဆိုနိုင်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်များ တွေ့ဆုံ စိုက်ပျိုးရေးအခြေခံစက်ရုံများ တည်ဆောက်ရေးတွင် ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံရန် ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CETC International Co., Ltd. မှ Deputy General Manager of Asia Pacific Headquarters Mr. Tian Yaobin, Assistant General Manager Ms. Wendy Yu (The Export-Import Bank of China) တို့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဓာတ်မြေဩဇာစက်ရုံများ တည်ဆောက်ရေး၊ ကြံသီးနှံဖွံ့ဖြိုးရေးအတွက် သကြားစက်ရုံများ တည်ဆောက်ရေး၊ ရော်ဘာကုန်ချောထုတ် တာယာစက်ရုံများ စသည့် စိုက်ပျိုးရေးအခြေခံစက်ရုံများ တည်ဆောက်ရေးလုပ်ငန်းများတွင် ရာနှုန်းပြည့် ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CETC International Co., Ltd. မှ Deputy General Manager of Asia Pacific Head quarters Mr. Tian Yaobin, Assistant General Manager Ms. Wendy Yu (The Export- Import Bank of China) တို့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၁၂-၂၀၁၁ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာ့ရှုခင်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဇာတ်လမ်းတို
၄း၂၅ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၀ ၆။ ဗွီစီဒီကျော်ကြားတေး
၄း၄၀ ၇။ မွေးမြူသုတ
၄း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၂၄)**
၆း၀၀ ၁၁။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၅)
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၇၇)**
၈း၀၀ ၁၆။ မြဝတီ ရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ အနုပညာရှင်၏တစ်နေ့တာ
၂၂။ ကုန်သွယ်သုတ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အမှတ်တရ နေ့ရက်လေးများ (အပိုင်း-၁၇)**

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၇-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၂၅၀ | ၀. ၀၃၂၄၄ |
| တရုတ် (ယွမ်) | ၆. ၃၆၄၀၀ | ၀. ၁၅၇၁၃ |
| အိန္ဒိယ (ရူပီး) | ၅၁. ၇၀၀၀ | ၀. ၀၁၉၃၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၂၆၈၀ | ၀. ၃၁၉၈၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၅၆၇ | ၀. ၇၇၇၈၁ |
| ဂျပန် (ယန်း) | ၇၇. ၇၃၂၄ | ၀. ၀၁၂၈၆ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၁. ၀၀ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၄၇၁၁ | ၁. ၃၃၈၅၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၉၉၄ | ၁. ၅၆၂၆၅ |

*အင်တာနက်။*

# မန္တလေးတက္ကသိုလ် ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

မန္တလေးတက္ကသိုလ် ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၃ ရက် (သောကြာနေ့)နံနက် ၉ နာရီတွင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသစ်ကြီး၌ ကျင်းပမည်ဖြစ်သည်။

၁၉၄၇ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော မန္တလေးယူနီဗာစီတီကောလိပ်နှင့် မန္တလေးတက္ကသိုလ် ဆေးပညာ မဟာဌာန၊ စိုက်ပျိုးရေးပညာ မဟာဌာန၊ စီးပွားရေးပညာ မဟာဌာန၊ ဝိဇ္ဇာဘာသာရပ်များဆိုင်ရာ မဟာဌာန၊ သိပ္ပံဘာသာရပ်များဆိုင်ရာ မဟာဌာနအသီးသီးတို့၌ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီးဦးဘတုတ် အမှူးပြုသည့် အသက်(၆၈)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီး ၃၄၁ ဦးတို့အား တပည့်များက ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲသို့ တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများကို ဒေါက်တာခင်ဆွေမြင့် (တာဝန်ခံပါမောက္ခချုပ်)မန္တလေးတက္ကသိုလ် ဖုန်း-၀၉-၂၀၂၂၉၁၀၊ ဦးဝင်းမောင် [ပါမောက္ခချုပ်(ငြိမ်း)]ဖုန်း-၀၉-၂၀၃၂၃၇၁၊ ဦးပိုမြင့် [ပါမောက္ခချုပ်(ငြိမ်း)] ဖုန်း-၀၉-၂၀၅၂၆၃၀၊ ဦးစိုး [ပါမောက္ခချုပ်(ငြိမ်း)]ဖုန်း-၀၉-၂၀၃၇၃၄၃၊ ဦးစောအောင် [ပါမောက္ခချုပ် (ငြိမ်း)] ဖုန်း-၀၉-၂၀၀၀၄၁၆၊ ဦးစိုးမြင့် [ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)] ဖုန်း-၀၂-၇၇၂၄၅၊ ဦးဝင်းထင်(ကောင်းမြတ်စံ) ဖုန်း-၀၉-၄၇၀၇၉၄၄၇၊ ဒေါက်တာဝင်းဆွေ [ပါမောက္ခ(ပထဝီဝင်ဌာန)] ဖုန်း-၀၉-၄၉၃၄၂၂၁၂၊ ဦးစိုးနိုင်ဆွေ ဖုန်း-၀၂-၅၈၀၆၁၊ ဦးညွန့်ဇော်(မန္တလေး)ဖုန်း-၀၉-၂၀၅၁၆၈၃၊ ဒေါ်ခင်မြမြ(သူရိန်နန်း)ဖုန်း-၀၉-၂၀၁၁၉၀၁နှင့် ဦးမောင်မောင် ဖုန်း-၀၉-၉၁၀၁၄၂၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ပျံကျဈေးသည်များအား ချေးငွေများထုတ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၇**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အသေးစားငွေကြေး ဝန်ဆောင်မှုအဖွဲ့အစည်းလျက် ဆင်းရဲနွမ်းပါးသူ ပျံကျဈေးသည်များသို့ ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ နိုဝင်ဘာ ၂၈ ရက်တွင် ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့် အေးမြကြည်လင်ဈေးတို့မှ ပျံကျဈေးသည်များအား အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့်အဖွဲ့က ချေးငွေကျပ် သိန်း ၁၀၀ ကို လည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ပျံကျဈေးသည်များအား အမှုဆောင်အရာရှိ ဦးဝင်းဗိုလ်နှင့်အဖွဲ့က ချေးငွေ ကျပ် ၃၈ သိန်းကိုလည်းကောင်း၊ ဒီဇင်ဘာ ၁ ရက်တွင် သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးရှိ ပျံကျဈေးသည်နှင့် အနေးယာဉ်မောင်းတို့အား အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့်အဖွဲ့က ချေးငွေ ကျပ် ၇၅ သိန်းကိုလည်းကောင်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များကလည်း ပျံကျဈေးသည်များသို့ အသေးစား ငွေကြေးဝန်ဆောင်မှုပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးရှိ ပျံကျဈေးသည်တစ်ဦးအား အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့်အဖွဲ့က ချေးငွေများ ထုတ်ပေးစဉ်။** (သတင်းစဉ်)

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မြန်မာသစ်ခွပညာရှင် ဆိုးလ်မြို့၌ သစ်ခွစာတမ်းဖတ်မည်

**ရန်ကုန် ဒီဇင်ဘာ ၇**

(၇)ကြိမ်မြောက် အာရှဒေသသစ်ခွများ၏ ဇီဝမျိုးစုံ မျိုးကွဲခြင်းနှင့် ကာကွယ်ထိန်းသိမ်းခြင်းညီလာခံကို ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ ကိုရီးယားအမျိုးသားသစ်တောဌာန၏ ဖိတ်ကြားချက်ဖြင့် မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းမှ ဗဟိုအလုပ်အမှုဆောင် သစ်ခွပညာရှင် ဒေါက်တာစောလွင် တက်ရောက်ပြီး “မြန်မာ့နေရင်း သစ်ခွမျိုးစိတ်များ ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီးပွားဖြစ်စိုက်ပျိုးခြင်း” စာတမ်းကို ဖတ်ကြားမည်ဖြစ်ကြောင်း သိရသည်။

(ညွှန့်သန်း)

(8-12)02.pmd 1 12/8/2011, 3:23 AM

**◆ရှေ့ဖုံးမှ**

ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် တစ်ဆယ့်နှစ်ကြိမ်သို့တိုင် ခရီးဆက်နိုင်ခဲ့ကြပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူဖွယ်ရာ အတိပင်ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ တစ်နှစ်တစ်ကြိမ်ဆုံတွေ့ခဲ့ကြသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ မင်္ဂလာအခါသမယတွင် မြန်မာပြည်သူပြည်သားတိုင်း ကျန်းမာကြံ့ခိုင်ရေးတည်းဟူသော လူမှုရေးသုခကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ဝမ်းမြောက်ဝမ်းသာစွာ ဆတက်ထမ်းပိုး စုစည်းညီညွတ်စွာပူးပေါင်းမှုဖြင့် ဆွေးနွေးဖလှယ်ညှိနှိုင်းတိုင်ပင်ကြမည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံး နှလုံးစိတ်ဝမ်း ကြည်သာချမ်းမြေ့ရှိကြပါစေကြောင်း လှိုက်လှဲစွာ မေတ္တာပို့သအပ်ပါသည်။

ယနေ့ခေတ်ကာလသည် အမိနိုင်ငံကို ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် အားသွန်ခွန်စိုက်တည်ဆောက်လျက်ရှိပါသည်။ အမိနိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုတစ်ရပ်လုံး တာဝန်ကျရာအခန်းကဏ္ဍပေါင်းစုံက ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ကြရာတွင် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးသည် အဓိကကျသည့် အရင်းအနှီးတစ်ရပ် ဖြစ်ပါသည်။ မြန်မာပြည်သူတို့သည် မိမိတို့၏ကျန်းမာရေး စောင့်ရှောက်မှုတွင် ခေတ်မီအနောက်တိုင်းဆေးပညာတစ်ခုတည်းကိုသာ အားကိုးပြုကြသည်မဟုတ်ဘဲ မိမိတို့လူမျိုးအစဉ်အဆက် လက်ခံကျင့်သုံးလာခဲ့သော မြန်မာ့တိုင်းရင်းဆေးပညာကိုလည်း ယုံကြည်အားကိုးလျက်ရှိကြပါသည်။ သို့ဖြစ်၍ မြန်မာ့တိုင်းရင်းဆေးပညာ၏ အခန်းကဏ္ဍသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များတွင် အလွန်အရေးပါလျက်ရှိကြောင်း မြန်မာ့တိုင်းရင်းဆေးသမားတော်များ ဂုဏ်ယူဝမ်းမြောက်စွာ နှလုံးသွင်းစေအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မိမိတို့ဘိုးဘွားအဆက်ဆက် ယုံကြည်အားကိုးသုံးစွဲခဲ့ကြသည်ဖြစ်၍ အခြေခံခိုင်မာသည်ဟု ဆိုအပ်ပါသည်။ ကိုယ့်လူမျိုးကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ့်ဆေးပညာကို တည်ထောင်ခဲ့ကြသည့် ဘိုးဘွားအဆက်ဆက်ကို ကျေးဇူးတင်အပ်သကဲ့သို့ ယနေ့ခေတ်ကာလအထိ အဆင့်ဆင့် လက်ကမ်းသယ်ဆောင်လာခဲ့ပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြကုန်သော မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ ဂုဏ်ကျေးဇူးကိုလည်း မြန်မာပြည်သူတို့က နှလုံးသွင်းအောက်မေ့လျက်ရှိကြမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာ့တိုင်းရင်းဆေးသမားတော်များအနေဖြင့် တာဝန်ကြီးမားလှသလို ပြည်သူတို့၏ အသက်ရှည်ရာအနာမဲ့ကြောင်း သယ်ပိုးဆောင်ရွက်ရသည်ဖြစ်၍ ကုသိုလ်ထူးကုသိုလ်မြတ်များလည်း ရရှိနိုင်ကြပါသည်။

တိုင်းရင်းဆေးသမားတော်များ၏ အပတ်တကုတ် ကြိုးပမ်းအားထုတ်မှုများကြောင့် မျက်မှောက်ကာလ မြန်မာ့တိုင်းရင်းဆေးဝါးများလည်း အဆင့်အတန်းမြင့်မားလာနေသည်ကို တွေ့မြင်နေကြရပြီ ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေးကို ကျေးလက်ပြည်သူတွေသာမက မြို့ပြနေ ပြည်သူတို့ကလည်း ပို၍ပို၍ အားကိုးအားထားပြု လက်ခံလာကြပြီဖြစ်ပါသည်။ မိမိတို့လူမျိုးအတွက် မြန်မာ့တိုင်းရင်းဆေးဝါးများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာပြီဖြစ်၍ အားရဂုဏ်ယူ ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။ နယကြီး(၄)ပါးကိုအခြေခံထားသည့် အနှစ်သာရပြည့်ဝသော မြန်မာ့တိုင်းရင်းဆေးပညာ သဘောတရားနှင့် လူတို့ဖန်တီးအပ်သော ခေတ်မီနည်းပညာကိုမမှီခိုဘဲ ရှင်သန်ပေါက်ရောက်နေသည့် သဘာဝအရင်းအမြစ် မြန်မာ့ပရဆေးပင်များ၏ ပင်ကိုအစွမ်းထက်သည့်အာနိသင်တို့ကို မြန်မာ့တိုင်းရင်းဆေးသမားတော်များက ထိန်းသိမ်းစောင့်ရှောက်လျက် စည်ပင်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရန်ကိုလည်း မမေ့အပ်ပါပေ။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ ပခုံးထက်သို့ ရောက်ရှိလျက်ရှိသော မြန်မာ့တိုင်းရင်းဆေးလောက၏ ဂုဏ်သိက္ခာ၊ အဆင့်အတန်းမြင့်မားရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရေးအတွက် ကျင်းပလျက်ရှိသော (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီးတွင် စည်းလုံးညီညွတ်စွာ ဆွေးနွေးညှိနှိုင်း၊ တိုင်ပင်၊ နှီးနှောနိုင်ကြပါစေ၊ ကျန်းမာရွှင်လန်းကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ။

# ဘဏ်လုပ်ငန်းများအား နေပြည်တော်ဗဟိုထားပြီး တစ်နိုင်ငံလုံးကွန်ရက်စနစ်ဖြင့် ဆောင်ရွက် ဘဏ်နှင့် ဆက်သွယ်သူပြည်သူများ စီးပွားဖွံ့ဖြိုးရန် ဘဏ်လုပ်ငန်းကဏ္ဍမှ အထောက်အကူပြု

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း နေပြည်တော် ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်၌ ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၇

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ငွေသွင်း/ငွေထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ MEB Online Access Terminal တွင် Quick Cash စနစ်ဖြင့် လျင်မြန်စွာ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစံသောင်းနှင့် တာဝန်ရှိသူများအား မြန်မာ့စီးပွားရေးဘဏ်၏ ငွေစုဘဏ်လုပ်ငန်း၊ ဘဏ်ငွေလွှဲလုပ်ငန်း၊ ဘဏ်ငွေပေးအမိန့်ချလန်လုပ်ငန်းအပါအဝင် ဘဏ်လုပ်ငန်းများအား နေပြည်တော်ကို ဗဟိုထားပြီး တစ်နိုင်ငံလုံး ကွန်ရက်စနစ်ဖြင့်ဆောင်ရွက်သွားရန်၊ ဘဏ်နှင့်ဆက်သွယ်သူပြည်သူများ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘဏ်လုပ်ငန်းကဏ္ဍမှ အထောက်အကူပြုသွားကြရန် မှာကြားခဲ့သည်။**

ထို့နောက် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၌ ဖွင့်လှစ်လျက်ရှိသော လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွင် သရုပ်ပြရှင်းလင်းပို့ချနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)ရှိ သုတေသန လေ့ကျင့်ရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန၊ ဘဏ်တွင်းစာရင်းစစ်ဌာနတို့တွင် လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ နိုင်ငံခြားဘဏ်လုပ်ငန်းဌာနတွင် နိုင်ငံတကာ ကုန်သွယ်ရေးဆိုင်ရာ ဘဏ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ရောက်ရှိပြီး တိုးမြှင့်ပင်စင်လစာ လာရောက်ထုတ်ယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ လုပ်ငန်းများကို စိတ်စေတနာကောင်းဖြင့် အဆင်ပြေချောမွေ့စွာ ကူညီဆောင်ရွက်ပေးရေး၊ ဘဏ်နှင့် ဆက်သွယ်သူပြည်သူများ၏ အထွေထွေဘဏ်လုပ်ငန်းများကို မှန်ကန်မြန်ဆန်စွာ ဖြည့်ဆည်း ဆောင်ရွက်ပေးရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ကြည့်ရှုအားပေး

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းတို့ မြဝတီမြို့ ဦးရဲဝင်းနေအိမ်၌ ဒေသထွက် ခရမ်းစွဲကျောက်များအား တန်ဖိုးမြှင့်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကျောက်မျက်အချောထည်လုပ်ငန်း ကြည့်ရှု

## ဘားအံမြို့တွင် ဖော်ထုတ်လျက်ရှိသည့် စက်မှုဇုန်မြေနေရာ စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၇

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းတို့သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် သုခလမ်း အမှတ်(၃၅) ဦးရဲဝင်းနေအိမ်၌ ဒေသထွက် ခရမ်းစွဲကျောက်များအား တန်ဖိုးမြှင့်ထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှု အားပေးပြီး ပြည်ထောင်စုဝန်ကြီးက ထုတ်လုပ်ပြီး ကျောက်မျက်အချောထည်များကို နိုင်ငံတကာသို့ ချိတ်ဆက်ရောင်းချနိုင်ရေးနှင့် အတတ်ပညာ၊ နည်းပညာများရရှိရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နိုင်ငံတကာကုန်စည်ပြပွဲများတွင် လိုက်လံပြသနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။**

အဆိုပါ ခရမ်းစွဲကျောက်မျက်အချောထည်လုပ်ငန်းတွင် ကရင်ပြည်နယ်မှ ထွက်ရှိသော ခရမ်းစွဲကျောက်များအား သွေး၍ လက်ဝတ်ရတနာများအဖြစ် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချကြောင်း သိရသည်။

### ရော်ဘာစိုက်ခင်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မွန်းလွဲပိုင်းတွင် ဘားအံမြို့နယ် သာမညကျေးရွာနေ ဦးခွန်ဝင်းနောင်၏ မျိုးသန့်ရော်ဘာစိုက်ဧက ၄၀ စိုက်ခင်းသို့ သွားရောက်ကြည့်ရှုအားပေးကြရာ ဦးခွန်ဝင်းနောင်က ရော်ဘာစိုက်ပျိုးသူများအား ငွေကြေးအရင်းအနှီးနှင့် ထုတ်လုပ်သည့် ရော်ဘာပြားများ အရည်အသွေးမီ ထုတ်လုပ်နိုင်ရန် လိုအပ်သည့်နည်းပညာများ ကူညီပံ့ပိုးပေးနိုင်ရေးကို တင်ပြသည်။

### ဆွေးနွေး

ကရင်ပြည်နယ်တွင် ရော်ဘာစိုက်ဧက တစ်သိန်းရှစ်သောင်းကျော်ရှိပြီး တစ်နှစ်လျှင် ဧကနှစ်သောင်းကျော် တိုးချဲ့စိုက်ပျိုးနေမှု၊ အစေးလှီးဧက ၆၀၀၀၀ ကျော်ရှိပြီး မျိုးကောင်း/မျိုးသန့် စိုက်ပျိုးရေး၊ ရော်ဘာများအား အဆင့်မြင့်ရော်ဘာအဖြစ် ထုတ်လုပ်နိုင်ရေး၊ ရော်ဘာပြည်ပပို့ကုန် တိုးချဲ့တင်ပို့နိုင်ရေး၊ အရင်းအနှီးနှင့် နည်းပညာ လိုအပ်ချက်များ ဖြည့်စွမ်းပေးနိုင်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် ဘားအံမြို့တွင် ဖော်ထုတ်လျက်ရှိသည့် စက်မှုဇုန်မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်က စက်မှုဇုန် သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ပတ်ဝန်းကျင်ကျေးရွာများမှ အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မည့်အခြေအနေများကို တင်ပြသည်။

### ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညနေပိုင်းတွင် မရမ်းချောင်း ကုန်စစ်ဆေးရေးစခန်းသို့ရောက်ရှိပြီး ကုန်စစ်ဆေးရေးစခန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မီး ကြွင်း မီး ကျန် မ ထား ရန် ကျင့် ကြံ သ တိ အ မြဲ ရှိ**

# ဗုဒ္ဓမြတ်စွယ်တော် ရန်ကုန်မြို့၌ (၁၆)ရက်မြောက် ဆက်လက်အပူဇော်ခံလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၇

**ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း အပူဇော်ခံလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား (၁၆)ရက်မြောက်နေ့ဖြစ်သည့် ယနေ့တွင်လည်း နံနက်ပိုင်းမှစ၍ ညနေပိုင်းအထိ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ အထူးစည်ကားစွာ လာရောက်ဖူးမြော်ကြည်ညိုကြသည်။**




**ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။**
(သတင်းစဉ်)

ဗုဒ္ဓမြတ်စွယ်တော်အား အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဆိုင်းဝိုင်းနှင့် တွဲဖက်၍ စိမ်းမို့မို့ခင်၊ ညွန့်ညွန့်သန်း၊ ဦးအောင်ကိန်း၊ ရွှေယမင်းဦး၊ ခိုင်ဝါ၊ ခိုင်ဇင်ရွှေရှုန်းလဲ့အောင် စသော အဆိုတော်များက ဓမ္မတေးများဖြင့် လည်းကောင်း၊ တောင်ဥက္ကလာပ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှည်းကူးနှင့် လှိုင်မြို့နယ်များနှင့် ကျိုင်းတုံအသင်း(ရန်ကုန်)တို့မှ ဝတ်အသင်းများ၊ တပ်ရင်းတပ်ဖွဲ့ ဝတ်အသင်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ ဝတ်အသင်းများက ဝတ်ရွတ်စဉ်များဖြင့် လည်းကောင်း ပူဇော်ကြသည်။

ရပ်ဝေး ရပ်နီးပြည်သူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုများ မြတ်စွယ်တော်အား လာရောက်ဖူးမြော်ကုသိုလ်ယူကြရာ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ၄၉၀၆၃ ဦး ရှိသည်။

ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ နှစ်ဖက်မိဘများအား အမှူးထား၍ တောင်ကြီးမြို့နေ ဒေါက်တာ သိန်းစိန်+ဒေါ်ခင်ဝါဝါ၊ ကျော်ဇေယျ၊ ကံထူးဝေ၊ အေးမြတ်မွန်မိသားစုက ငွေကျပ် ၁၀ သိန်း၊ ကျိုင်းတုံမြို့နယ်အသင်း(ရန်ကုန်)က ငွေကျပ် ၅၁၀၀၀၀၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား ရည်စူး၍ သဃ်န်းကျွန်းမြို့နယ် ပင်လုံရိပ်မွန်အိမ်ရာနေ သား ဦးကျော်ဆန်းမြင့်+ဒေါ်သင်းသင်းဦး၊ မြေး မောင်ဇော်ဘိုထူး မိသားစုက ငွေကျပ် သုံးသိန်း၊ ဦးပန်းအောင်(ဝန်ကြီး-ငြိမ်း)+ဒေါ်ညွန့်ညွန့်လွင် မိသားစုက ငွေကျပ် တစ်သိန်း၊ ဗိုလ်ချုပ်တင်ငွေ (ငြိမ်း)၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး (ငြိမ်း)+ဒေါ်လှလှသိန်း မိသားစုက ငွေကျပ် ၂၀၄၀၀၀၊ နှစ်ဖက်မိဘများအား ရည်စူး၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် ဇနီး ဒေါ်ကြူကြူစိုး မိသားစုက ငွေကျပ် တစ်သိန်း၊ နှစ်ဖက်မိဘများအား အမှူးထား၍ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေး+ဒေါ်ဝင်းဝင်းမြင့် မိသားစုက ငွေကျပ် ၁၁၀၀၀၀၊ ပုဇွန်တောင်မြို့နယ် (၅၂)လမ်း အမှတ်(၇၄)နေ ဒေါ်ခင်သန်း၊ သမီး မသန်းသန်းဌေး မိသားစုက ငွေကျပ် တစ်သိန်း၊ မြဝတီဘဏ်လီမိတက် ဒုတိယ မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းမိသားစုက ငွေကျပ် ခုနစ်သိန်းနှင့် အိန္ဒိယ ရူပီး ၁၀၀၊ သံအမတ်ကြီး ဦးသိန်းတိုး (ငြိမ်း) မိသားစုက ငွေကျပ် နှစ်သိန်း၊ ကွယ်လွန်သူ ဦးဟုတ်လှိုင်အား ရည်စူး၍ ဒေါ်သန်းငွေ မိသားစုက ငွေကျပ် ငါးသိန်း၊ ကွယ်လွန်သူ မိဘများဖြစ်သော ဦးဟုတ်ကွီ+ဒေါ်သန်းကြည်နှင့် မောင် ဦးမောင်မောင်အား ရည်စူး၍ ဒေါ်သန်းငွေ မိသားစုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်မိဘများနှင့် ကျေးဇူးရှင်များအား ရည်စူး၍ဦးကြည်သာဟန်+ဒေါ်ငြိမ်းငြိမ်းမြင့် မိသားစုက ငွေကျပ် ငါးသိန်း၊ မနောမယသိဒ္ဓိ ရဲရင့်မြတ်သူ ဆန်စက်နှင့် ဆန်ပွဲရုံ မိသားစုက ငွေကျပ် ငါးသိန်း၊ ကွယ်လွန်သူ ဖခင်ကြီး ဦးချစ်ထွေးနှင့် ဒေါ်မမကြီး (ဒေါ်မေမေသန်း)တို့အား ရည်စူး၍ ဒေါ်လှစိန် (ထိပ်တန်း စက္ကူစက်)က ငွေကျပ် ငါးသိန်း၊ နှစ်ဖက်မိဘ ဆွေမျိုးများအား အမှူးထား၍ ကိုသူရကျော်အောင်နှင့် မခင်ဘုန်းယဉ်၊ သမီး မင်းမာန်ပြည့်၊ မစိုးစိုးဦး မိသားစုက ငွေကျပ် ၅၀၅၀၀၀၊ မြိတ်မြို့နေ ဦးစိုးဝင်း+ဒေါ်ကြင်ဟုန်၊ သား အောင်အောင်ထိုက်+ မေချိုဇင်သက်၊ မြေး ဝင်းပြည့်စုံအောင် မိသားစုက ငွေကျပ် ၃၃၀၀၀၀၊ ဘိုးဘွားမိဘများနှင့် ဆရာတော်ဘဒ္ဒန္တပညာသာရအား ရည်စူး၍ မယ်တော်ကြီး ဒေါ်ကြင်တင်နှင့် သားသမီး မိသားစုက ငွေကျပ် သုံးသိန်း၊ ဦးသန်းထွန်း+ဒေါ်ယဉ်ယဉ်လှ(ရူပဗေဒဌာနမှူး-ငြိမ်း) မိသားစုက ငွေကျပ် တစ်သိန်း၊ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းထောင့်နေ ဦးသန်းရွှေ+ ဒေါ်ဝါဝါဝင်းရွှေ၊ သားသမီးမြေး တစ်စုက ငွေကျပ် ငါးသိန်း၊ မိခင်ကြီး ဒေါ်အေးသွင်အား အမှူးထား၍ ဒေါ်ဌေးဌေးလွင်(ပါမောက္ခ/ဌာနမှူး-ရန်ကုန်စီးပွားရေးတက္ကသိုလ်)က ငွေကျပ် ၂၂၀၀၀၀ တန်ဖိုးရှိ ရွှေဆွဲပြား နှစ်ခုနှင့် ငွေသားကျပ် တစ်သိန်း အပါအဝင် အလှူရှင် ၃၁၅ ဦးတို့က အလှူငွေများကို လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရွှေငွေကျောက်မျက်ရတနာများ လှူဒါန်းမှုအနေဖြင့် ရန်ကုန်မြို့နေ ဦးအောင်သောင်း+ ဒေါ်ခင်ခင်ရီ မိသားစုက ငွေကျပ် ၃၃၁၀၀၀၀ တန်ဖိုးရှိ ပုလဲ တစ်ပွင့်စီပါ ပလက်တီနမ်နားကပ် တစ်ရန်၊ ပုလဲတစ်ပွင့်ပါ ပလက်တီနမ်လက်စွပ်တစ်ကွင်း၊ ပုလဲ ၁၉ ပွင့်ပါ ရွှေဆွဲကြိုး တစ်ကုံးနှင့် ပုလဲ ၁၁ ပွင့်ပါ ရွှေဟန်းချိန်း တစ်ခု၊ ဒေါ်အေးအေးသိန်း မိသားစုက ငွေကျပ် ၄၈၀၀၀၀ တန်ဖိုးရှိ ပတ္တမြားလုံးချော တစ်ပွင့်၊ ပတ္တမြား တာ ၂၈ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်းနှင့် ပြောင်ခေါင်းစိမ်း တစ်ထုပ်၊ ကွယ်လွန်သူဖခင်နှင့် အစ်မတို့အား ရည်စူး၍ ဒေါ်လှစိန် မိသားစုက ငွေကျပ် ၂၅၅၃၀၀၀ တန်ဖိုးရှိ ရွှေဘီးနှင့် ရွှေဆွဲသီး နှစ်ခု၊ စိန် တစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ ကျောက်ဖြူ ၂၁ ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်းနှင့် ပတ္တမြား တစ်ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ နိုင်ငံတော်သမ္မတရုံး အကြံပေး ဦးအုံ့မောင်+ဒေါ်တင်တင်ဝေ မိသားစုက ငွေကျပ် ၆၅၀၀၀၀ တန်ဖိုးရှိ ကျောက်ဖြူ ၃၁ ပွင့်ပါ ရွှေရင်ထိုး တစ်ခု၊ ရွှေဆွဲသီးတစ်ခု၊ ကျောက်စိမ်းခွဲဘိပါ ရွှေနားကပ် တစ်ရန်နှင့် ကျောက်နီတစ်ပွင့်စီပါ ရွှေနားကပ် တစ်ရန်၊ နှစ်ဖက်မိဘများအား ရည်စူး၍ ရန်ကုန်မြို့နေ ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)+ဒေါက်တာအေးမြတ်လွင် မိသားစုက ငွေကျပ် ၁၅၀၀၀၀၀ တန်ဖိုးရှိ ပုလဲသုံးလုံးပါ ရွှေဆွဲကြိုး တစ်ကုံး၊ ပုလဲနှင့်စိန် ၁၆ ပွင့်ပါ ရွှေဆွဲသီး တစ်ခု၊ ခရမ်းဆွဲ ရွှေဆွဲသီးတစ်ခု၊ ကျောက်စိမ်းရွှေလက်စွပ် တစ်ကွင်းနှင့် ကျောက်စိမ်းအသားလက်ကောက်တစ်ကွင်း၊ ရန်ကုန်မြို့နေ ဒေါ်စိန်တင် မိသားစုက ငွေကျပ် ၁၂၅၅၀၀၀ တန်ဖိုးရှိ ပတ္တမြား ၁၈၇ ပွင့်ပါ ရွှေဆွဲကြိုး တစ်ကုံး၊ အရှေ့ရန်ကင်းနေ ဒေါ်တင်ဝေအေး မိသားစုက ငွေကျပ် ၁၈၄၀၀၀၀ တန်ဖိုးရှိ ကျောက်စိမ်း ၁၁ ပွင့်ပါ ရွှေဆွဲသီး တစ်ခု၊ ရန်ကုန်မြို့နေ ဦးနိုင်လှဝင်းက ငွေကျပ် ၁၃၆၀၀၀၀ တန်ဖိုးရှိ ပတ္တမြား တစ်ပွင့်၊ စိန် ၁၀ ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ ဦးမင်းနိုင်+ ဒေါ်စောသန္တာ မိသားစုက ငွေကျပ် ၁၀၀၀၀၀၀ တန်ဖိုးရှိ ကျောက်စိမ်း တစ်ပွင့်စီပါ ရွှေနားကပ် တစ်ရန်၊ ဗိုလ်ချုပ်လှရွှေ+ ဒေါ်မူမူမြင့် မိသားစုက ငွေကျပ် ၄၄၆၀၀၀ တန်ဖိုးရှိ စိန် ၂၄ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ အင်ဂျင်နီယာတပ်ခွဲမှ ဗိုလ်ကြီးကောင်းဆက်ဟိန်း၊ ဒေါက်တာဥက္ကာဇင်က ငွေကျပ် ၇၅၄၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ် နှစ်ကွင်း၊ ရန်ကုန်မြို့ ကောင်းရှယ်သန့်ဆန်ဆိုင်က ငွေကျပ် ၈၂၇၀၀၀ တန်ဖိုးရှိ ပတ္တမြား ခုနစ်ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်းနှင့် ပတ္တမြား ၈၅ ပွင့်ပါ ရွှေဆွဲသီး တစ်ခု၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဗီလာနေ မဆွေဇင်ဦးက ငွေကျပ် ၇၃၀၀၀၀ တန်ဖိုးရှိ ရွှေဒင်္ဂါး နှစ်ပြား၊ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်နိုင် + ဒေါ်မီမီလတ် မိသားစုက ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းဘုရားပုံတော် ရွှေဆွဲသီး တစ်ခု၊ မင်္ဂလာဒုံနေ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း (ပါမောက္ခ/ဌာနမှူး၊ မေ့ဆေးပညာဌာန)+ ဒေါ်မြင့်မြင့်အေး မိသားစုက ငွေကျပ် ၄၀၁၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ် တစ်ကွင်း၊ ရွှေနားကွင်း တစ်ဖက်၊ ရွှေနားကပ် တစ်ဖက်၊ ပတ္တမြား ခုနစ်ပွင့်ပါ နားကပ်တစ်ရန်၊ ခရမ်းဆွဲတစ်ပွင့်၊ မဟူရာတစ်ပွင့်နှင့် နဝရတ်တစ်စုံ အပါအဝင် ရတနာမျိုးစုံ ၈၇၃ ခုကို လှူဒါန်းကြပြီး တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဒီဇင်ဘာ ၆ ရက် ညနေမှ ယနေ့ညနေ ၆ နာရီအထိ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၆၇၂၆၆၆၀၃၊ ရွှေငွေကျောက်မျက်ရတနာမျိုးစုံ တန်ဖိုးငွေကျပ် ၁၂၂၈၅၄၅၀၀၊ အမေရိကန်ဒေါ်လာ ၅၂၀၁ နှင့် စင်ကာပူ ဒေါ်လာ ၇၈၈ တို့ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

✻ **ကျောဖုံးမှ**

သော နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုစေမည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးဆိုသည့် တာဝန်ကြီး(၂)ရပ်သည် အဓိကထား၍ ဆောင်ရွက်ရမည့် ရည်မှန်းချက်တာဝန်များဖြစ်ကြောင်း၊ ထိုရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်တွင် နည်းပညာတက္ကသိုလ် ၃၂ ခု၊ အစိုးရနည်းပညာကောလိပ်လေးခု၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၁၁ ခုနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း ၃၆ ကျောင်းအပြင် ကွန်ပျူတာတက္ကသိုလ် ၂၅ ခုတို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်၍ အရည်အချင်းပြည့်ဝသော နည်းပညာဆိုင်ရာ ပညာရှင်များနှင့် ကွန်ပျူတာပညာရှင်များအား သင်ကြားမွေးထုတ်ပေးလျက်ရှိကြောင်း။

## တိုးချဲ့ဖွင့်လှစ်

နိုင်ငံတစ်ဝန်းလုံးတွင် ကွန်ပျူတာတက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့ဖွင့်လှစ်သော ကွန်ပျူတာတက္ကသိုလ် (သထုံ)တွင် အဆင့်မြင့် ကျောင်းဆောင်သစ်များ၊ ခေတ်မီကွန်ပျူတာများ၊ Language Lab၊ E-Library စသည့် သင်ထောက်ကူပစ္စည်းများကို လုံလုံလောက်လောက် ပံ့ပိုးထားပြီး IP Star ဆက်သွယ်မှုနှင့် Video Conferencing System များကို အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း။

## နည်းပညာအခြေပြု

ယခင်က လုပ်အားကို အခြေပြုသော Labour Intensive Industry နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့သော်လည်း ယနေ့ခေတ်တွင် ICT နည်းပညာကို အခြေပြုပြီး နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ ICTနည်းပညာကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံအများအပြား ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပြီး ICT Outsourcing များနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးရယူနိုင်လျက်ရှိရာ ထိုအခြေအနေများကို မိမိတို့ကလည်း အားကျအတုယူကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် Information and Communication Technology for Development ကိုနိုင်ငံအများက ဦးစားပေးဆောင်ရွက်လာခဲ့ရာ ICT နည်းပညာက မြို့ပြနှင့် ကျေးလက်နေပြည်သူများအားလုံး၏ လူမှုရေးနှင့် စီးပွားရေးအခွင့်အလမ်းများ တိုးတက်ဖန်တီးနိုင်မှုကို များစွာအထောက်အကူပြုပြီး ထုတ်လုပ်မှုစွမ်းရည်နှင့် ဈေးကွက်အား တွင်ကျယ်စွာတိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်များကို မြင်တွေ့နေရပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ ဘက်စုံကဏ္ဍတွင် ဖြစ်ထွန်းနေစေရန်၊ အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ ပညာရပ်နယ်ပယ်စုံ၌ ပေါ်ထွန်းလာစေရေးအတွက် ပြုစုပျိုးထောင် မွေးထုတ်ပေးရန်လိုအပ်သကဲ့သို့ နိုင်ငံသူ နိုင်ငံသားများ ခေတ်မီနည်းပညာများကို တတ်မြောက်ပြီး မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား အစဉ်တိုးတက်နေသော လူ့ဘောင်အဖွဲ့အစည်း ဖြစ်ရန် ဆောင်ကြဉ်းပေးရေးအတွက် ဆရာ၊ ဆရာမများတွင် အဓိကတာဝန်ရှိကြောင်းဖြင့် ပြောကြားသည်။

## ပံ့ပိုးဆောင်ရွက်

ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပြည်နယ်အစိုးရက ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကွန်ပျူတာတက္ကသိုလ် (သထုံ)မှ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် တောင်သူဦးဒီးလီဆာ၏ လယ်မြေ၌ ကျင်းပသည့် မိုးစပါးဧည့်မထအထွက်ကောင်းမျိုးစံကွက်ရိတ်သိမ်းပွဲတွင် ခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့နေမှုကို ကြည့်ရှုအားပေးစဉ်။**
(သတင်းစဉ်)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ တက်ရောက် မြို့တွင်းလမ်းများနှင့် ပေါင်းစည်းလယ်ယာ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၇**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းသည် ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် ကွင်းအမှတ်(၁၇/၁) ဦးပိုင်အမှတ်(၆၇/၁)တောင်သူဦးဒီးလီဆာ၏ လယ်မြေ ၁ ဒသမ ၈၅ ဧက၌ ကျင်းပသည့် မိုးစပါးဧည့်မထအထွက်ကောင်းမျိုးစံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်၍ စပါးရိတ်စက်ဖြင့် စပါးများရိတ်သိမ်းနေမှုနှင့် ခြွေလှေ့စက်ဖြင့် စပါးများအား ခြွေလှေ့နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ မိုးစပါးစံကွက်ရိတ်သိမ်းရာ စပါးအခြောက် ၉၁ ဒသမ ၅၂ တင်း ထွက်ရှိသည်။

ထို့နောက် ရန်ကြီးအောင်ရပ်ကွက်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၇၈ ဒသမ ၆ သိန်း အကုန်အကျခံ ဆောင်ရွက်လျက်ရှိသည့် အရှည်ပေ ၉၆၀၊ အကျယ် ၁၂ ပေရှိ ဆရာအတတ်သင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းနေမှု၊ တပ်ကုန်းရပ်ကွက် (စံပြရပ်ကွက်) ရုံးမြေနေရာရရှိခြင်းမရှိသေးသည့် ဌာနဆိုင်ရာများအား မြေနေရာချထားမည့်နေရာနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အမှိုက်ပစ်ကျင်းနေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တပ်ကုန်းရပ်ကွက်ရှိ ခြံပိုင်ရှင် ဦးချမ်းလော့ဒ်ဟောင်းဇယ်၏ မြေ ၁၀ ဧကအကျယ်ရှိ ပေါင်းစည်းလယ်ယာသစ်မွှေး၊ သစ်ခွပျိုးဥယျာဉ်၌ သစ်ခွပျိုးပင်များစိုက်ပျိုးထားရှိမှု၊ ကချင်ပြည်နယ် သစ်မွှေးဝါသနာရှင်များ၏ သစ်မွှေးပျိုးဥယျာဉ်နှင့် တီကောင်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု၊ နို့စားနွားနှင့် ဆိတ်များမွေးမြူထားရှိမှု၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိမှု၊ သစ်မွှေးအပင်ကြီးများ ရှင်သန်ဖြစ်ထွန်းမှုနှင့် စပါးစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ မြို့တွင်းလမ်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(8-12)04.pmd 1 12/8/2011, 3:23 AM

# နှစ်နိုင်ငံအကြား လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် တူညီသည့် ပထဝီအနေအထား၊ သမိုင်းကြောင်း၊ ယဉ်ကျေးမှုအစဉ်အလာများနှင့် ပြည်သူများအချင်းချင်း ကူးလူးဆက်ဆံမှုများကိုအခြေခံ၍ အထူးကောင်းမွန်သည့်ဆက်ဆံရေး တိုးတက်ဖြစ်ထွန်းနေမှုအပေါ်ကျေနပ်အားရ

နေပြည်တော် ဒီဇင်ဘာ ၇

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။**

အဆိုပါ ခရီးစဉ်အတွင်း နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ်ကို ဒီဇင်ဘာ ၆ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာသည်။

ယင်းနှစ်နိုင်ငံပူးတွဲကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

## ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ခရီးစဉ်အတွင်း ထုတ်ပြန်သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ပူးတွဲကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဒီပူမိုနီ၊ သံအမတ်ကြီး မစ္စတာ အမ် ဇီယာအူဒင်၊ ဝန်ကြီးချုပ်ရုံးအတွင်းဝန် မစ္စတာ ရှိတ် အမ်ဒီ ဝါဟဒ် အုဇ် ဇန်မန်၊ လွှတ်တော်အဖွဲ့ဝင်များဖြစ်ကြသော မစ္စတာ နက်ဇမူလ် ဟာဆန်ပါပွန်၊ မစ္စတာ ဘီရာ ဘဟာဒူး ဦး ရွှေဆင်း၊ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ မိုဟာမက် မီဂျာရူးခါးရားစ်နှင့် အခြားအဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါလာကြသည်။

၂။ ခရီးစဉ်အတွင်း ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရားဝင်တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် နေပြည်တော်ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးအဆောက်အအုံ တည်ဆောက်မည့်မြေနေရာ၌ အုတ်မြစ်ချပေးခဲ့ပြီး ကျောက်မျက်ပြတိုက်နှင့် ဥပ္ပါတသန္တိစေတီတော်တို့အား သွားရောက်ကြည့်ရှုခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအား သွားရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

၃။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်သမ္မတရုံး၌ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ တရားဝင်ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့ပြီး ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

၄။ နှစ်နိုင်ငံခေါင်းဆောင်များ ဦးဆောင်သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ တရားဝင်တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ပြုလုပ်ခဲ့ရာ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် အထူးကောင်းမွန်သော ဆက်ဆံရေးကို ထင်ဟပ်ပေါ်လွင်စေလျက် အပြန်အလှန်ချစ်ကြည်ရင်းနှီးနွေးထွေးစွာ ဆွေးနွေးခဲ့ကြသည်။

၅။ နှစ်နိုင်ငံ တရားဝင်ဆွေးနွေးပွဲသို့ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်နှင့်အတူ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဒီပူမိုနီ၊ သံအမတ်ကြီး မစ္စတာ အမ် ဇီယာအူဒင်၊ ဝန်ကြီးချုပ်ရုံးအတွင်းဝန် မစ္စတာ ရှိတ် အမ်ဒီ ဝါဟဒ် အုဇ် ဇန်မန်၊ လွှတ်တော်အဖွဲ့ဝင်များဖြစ်ကြသော မစ္စတာ နက်ဇမူလ် ဟာဆန်ပါပွန်၊ မစ္စတာ ဘီရာ ဘဟာဒူး ဦး ရွှေဆင်း၊ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ မိုဟာမက် မီဂျာရူးခါးရားစ်၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး ဗိုလ်ချုပ် အာနူကူးမားချက်ခ်မာနှင့် အခြားအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံဘက်မှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အခြားပြည်ထောင်စုဝန်ကြီးများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းလွင်နှင့် အဆင့်မြင့်အစိုးရအရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

၆။ ဆွေးနွေးပွဲတွင် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား နိုင်ငံတော်သမ္မတတာဝန် စတင်ထမ်းဆောင်ခြင်းနှင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည့်အတွက် ဂုဏ်ယူပါကြောင်း ဦးစွာပြောကြားခဲ့သည်။ ဆက်လက်၍ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်မှ မြန်မာနိုင်ငံ၌ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် နိုင်ငံတော်သမ္မတမှ နိုင်ငံရေးနည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များမှ နှစ်နိုင်ငံအကြား လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် တူညီသည့် ပထဝီအနေအထား၊ သမိုင်းကြောင်း၊ ယဉ်ကျေးမှုအစဉ်အလာများနှင့် နှစ်နိုင်ငံပြည်သူများအချင်းချင်း ကူးလူးဆက်ဆံမှုများကို အခြေခံ၍ အထူးကောင်းမွန်သည့်ဆက်ဆံရေး တိုးတက်ဖြစ်ထွန်းနေမှုအပေါ် ကျေနပ်အားရမှုရှိကြောင်း ထပ်လောင်းပြောဆိုခဲ့ကြသည်။ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ခိုင်မာနေမှုအပေါ် နှစ်ဖက်စလုံးမှ ဝမ်းမြောက်ကြောင်းနှင့် နှစ်နိုင်ငံပြည်သူများအကျိုးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း အလေးထား ပြောကြားခဲ့ကြသည်။

၇။ မြန်မာနိုင်ငံတော်သမ္မတက ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်၏ ဒီမိုကရေစီအရေး၊ ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုများ တိုးတက်ရရှိရန် ဆောင်ရွက်နေမှုများအပေါ် ချီးကျူးကြောင်း ပြောကြားခဲ့သည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ သာတူညီမျှရှိမှု၊ ချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံပြည်သူများအကျိုးအတွက် ယုံကြည်မှုနှင့် နားလည်မှု၊ ဒေသတွင်းသာယာဝပြောမှုတို့အပေါ် အခြေခံသည့် နှစ်နိုင်ငံဆက်ဆံရေး၏ ကဏ္ဍသစ်သို့ လက်တွေ့ကျကျ စတင်ချင်းနင်းဝင်ရောက်နေပြီဖြစ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များမှ အသိအမှတ်ပြုခဲ့ကြသည်။

၈။ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးမြှင့်ရန်နှင့် ကဏ္ဍသစ်များ၌ ဆက်ဆံရေးချဲ့ထွင်နိုင်ရန်အလို့ငှာ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲများ၊ ပူးတွဲကုန်သွယ်ရေး ကော်မရှင်အစည်းအဝေးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထိန်းချုပ်ရေးအစည်းအဝေးများ အပါအဝင် နှစ်နိုင်ငံအကြား ယခုနှစ်များအတွင်း ကဏ္ဍစုံဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်းကို ကြိုဆိုခဲ့ပြီး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ်တွင်လည်း သဘောတူညီမှုများ ရရှိခဲ့သည်။

၉။ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်မှ နာရပရာနှင့် ကူတူပလောင်စခန်းများအတွင်း နေထိုင်လျက်ရှိသော မြန်မာဒုက္ခသည်များကိစ္စနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း အခြေချနေထိုင်လျက်ရှိသော အထောက်အထားမဲ့ မြန်မာနိုင်ငံသားများ၏ အရေးကိစ္စများကို ဆွေးနွေးခဲ့ပြီး အဆိုပါကိစ္စရပ်များကို ဆောလျင်စွာဖြေရှင်းနိုင်မှုသည် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရာတွင် ကောင်းစွာ အထောက်အပံ့ပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ယခုကိစ္စနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

၁၀။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှစွမ်းအင်များ ဝယ်ယူတင်သွင်းလိုကြောင်း ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အသင့်ချုပ်ပြီးအဝတ်အထည်များ၊ ဆေးဝါးပစ္စည်းများ၊ သိုးမွေးအဝတ်အထည်များ၊ ဂုန်လျှော်နှင့် ဂုန်လျှော်ဆက်စပ်ပစ္စည်းများ၊ ကြွေထည်မြေထည်များကို သင့်လျော်သည့်ဈေးနှုန်းဖြင့် ဝယ်ယူတင်သွင်းရန် မြန်မာနိုင်ငံတော်သမ္မတထံ မေတ္တာရပ်ခံခဲ့သည်။ ထို့ပြင် လာမည့် ၂၀၁၂ ခုနှစ် အစောပိုင်းကာလတွင် ရန်ကုန်မြို့၌ "Single Country Trade Fair" ကုန်စည်ပြပွဲကျင်းပလိုကြောင်း အဆိုပြုခဲ့သည်။

၁၁။ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံဘဏ်များအကြား Letter of Credit(LC) တိုက်ရိုက်ဖွင့်လှစ်သွားနိုင်ရေးအတွက် ACU ယန္တရားအောက်တွင် တိုက်ရိုက်ဘဏ်လုပ်ငန်းအစီအစဉ်များ ထူထောင်ရေးကိစ္စကို အလေးထားပြောကြားခဲ့သည်။ ထို့ပြင် ဒါကာ/စစ်တကောင်း-ရန်ကုန်လမ်းကြောင်းအတိုင်း တိုက်ရိုက်လေကြောင်းလိုင်း စတင်ပြေးဆွဲလိုကြောင်း ဆန္ဒပြုခဲ့ပြီး သမားရိုးကျမဟုတ်သော ရေယာဉ်များမှ နှစ်နိုင်ငံအကြား သတ်မှတ်ထားသည့် ကုန်သွယ်မှုလမ်းကြောင်းများအတွင်း အပြန်အလှန် သွားလာနိုင်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးတိုးမြှင့်သွားနိုင်ရေးကို အလေးထားဆွေးနွေးခဲ့သည်။

၁၂။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နှစ်နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ရှာဖွေသွားရန်နှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုအခွင့်အရေးများ ပံ့ပိုးပေးခြင်းအားဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် အခွင့်အလမ်းကောင်းများကို ရယူသွားရန် နှစ်နိုင်ငံခေါင်းဆောင်များမှ တိုက်တွန်းအကြံပြုခဲ့သည်။

၁၃။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် အောက်ဖော်ပြပါ သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာတို့ကို နှစ်ဖက် လက်မှတ်ရေးထိုးခဲ့သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် ပူးတွဲကော်မရှင်ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ သဘောတူညီချက်

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့အကြား ပူးတွဲစီးပွားရေးကောင်စီ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ

၁၄။ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က ၎င်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်စဉ် မြန်မာနိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် မြန်မာပြည်သူပြည်သားများတို့မှ လှိုက်လှဲနွေးထွေးစွာ ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

၁၅။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လာရောက်လည်ပတ်ရန် နွေးထွေးလှိုက်လှဲစွာ ဖိတ်ကြားခဲ့သည်။ မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှလည်း ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အား ကျေးဇူးတင်ဝမ်းမြောက်စွာ လက်ခံကြောင်းနှင့် နှစ်ဖက်အဆင်ပြေမည့်နေ့ရက်များကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ညှိနှိုင်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**နေပြည်တော်။**
**ရက်စွဲ၊ ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်။**

## အထက(၁)ဒဂုံ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော မြန်မာတစ်နိုင်ငံလုံး ပထမဆုရရှိသူ တစ်ဦး၊ ဒုတိယဆုရရှိသူ တစ်ဦး၊ တတိယဆုရရှိသူတစ်ဦး၊ အဋ္ဌမဆုရရှိသူ တစ်ဦး၊ နဝမဆုရရှိသူ နှစ်ဦး၊ ဒသမဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ ၂၅ ဦး၊ ငါးဘာသာ ဂုဏ်ထူးရရှိသူ ၇၅ ဦး၊ လေးဘာသာ ဂုဏ်ထူးရရှိသူ ၁၇၆ ဦး၊ သုံးဘာသာ ဂုဏ်ထူးရရှိသူ ၇၃ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရရှိသူ ၅၈ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရရှိသူ ၈၂ ဦး စုစုပေါင်း ထူးချွန်ကျောင်းသား၊ ကျောင်းသူ ၄၉၈ ဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆုရကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆုပေးပွဲအခမ်းအနားသို့ ကျောင်းဝတ်စုံဖြင့် မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဒီဇင်ဘာ ၁၇ ရက်တွင် ဆုယူခြင်း အစမ်းလေ့ကျင့်ရန် ဒဂုံသီရိခန်းမသို့ နံနက် ၁၀ နာရီ အရောက်လာကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၈-၁၂-၂၀၁၁ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | ဓမ္မနုဂ္ဂဟဓမ္မကဌာ (ရွှေယမင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်) |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၀၅ | ၇။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ |
| ၈း၁၀ | ၈။ | အကပဒေသာ |
| ၈း၂၀ | ၉။ | အတီးပြိုင်ပွဲ |
| ၈း၃၀ | ၁၀။ | "သုံးပင်နှစ်ဆယ်" |
| ၈း၄၀ | ၁၁။ | **International News** |
| ၈း၄၅ | ၁၂။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၃။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၀ | ၃။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၄း၃၀ | ၄။ | အဆိုပြိုင်ပွဲ |
| ၄း၄၀ | ၅။ | နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ |
| ၄း၅၀ | ၆။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ) |
| ၅း၀၅ | ၇။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၁၀ | ၈။ | ရောင်စုံရေးသိတေးပန်းချီ |
| ၅း၂၅ | ၉။ | သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင် |
| ၅း၄၀ | ၁၀။ | "စွယ်တော်မြတ်ပူဇော်ရေးခရီးစဉ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း" |
| ၆း၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၃။ | **ပျော်ရွှင်စေသော နေ့ရက်များ "မျဉ်း"(အပိုင်း-၄)** |
| ၆း၃၅ | ၁၄။ | ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း |
| ၇း၀၀ | ၁၅။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၁၂)** |
| ၈း၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | အစာလည်းဆေး၊ ဆေးလည်းအစာ |
| | ၂၀။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၂၄)** |
| | ၂၁။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၁၄)** |
| | ၂၂။ | အစီအစဉ်ပြီး၏။ |

## ဆားလင်းကြီးမြို့နယ်၌ ဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

(၉၁)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဟောပြောပွဲကို ဆားလင်းကြီးမြို့နယ် သမ္မတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ နိုဝင်ဘာ ၁၈ ရက်က ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်ဆွေထွန်းနှင့် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်မော်မော်အောင်တို့က သိကောင်းစရာများ ဟောပြောကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

# "ဝါး"ကဏ္ဍ ပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်ကြစို့

ဒေါက်တာစန်းဝင်း (သစ်တောတက္ကသိုလ်)

ရေနံကိုရွှေမည်း၊ ရော်ဘာကို ရွှေဖြူဟု တင်စားခေါ်ဝေါ်ကြသကဲ့သို့ ယခုအခါ ဝါးကို ရွှေစိမ်း (Green Gold) ဟု ခေါ်လာကြပြီဖြစ်ပါသည်။ ယခင်က ဝါးကို Poor man's timber ဟု ခေါ်ဝေါ်ကြပါသည်။

မြန်မာနိုင်ငံ၌ ဆင်းရဲမှုလျှော့ချရေး အားသွန်ခွန်စိုက် လုပ်ကိုင်နေချိန်ဝယ် သစ်တောကဏ္ဍမှ ဝါး၊ ကြိမ်အစရှိသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း ကဏ္ဍမှ ကျေးလက်ပြည်သူများ ဝင်ငွေတိုးအောင် လုပ်ဆောင်နိုင်ပါသည်။ အထူးသဖြင့် ဝါးလုပ်ငန်းဖွံ့ဖြိုးပါက ဝင်ငွေတိုးပြီး ဆင်းရဲမှုလျှော့ချနိုင်ပါသည်။ မြန်မာနိုင်ငံ၌ ဝါးပေါ များစွာ ပေါက်ရောက်နေသေးသောကြောင့် ဝါးပင်၏အကျိုးပြုမှုနှင့် အရေးပါမှုအခွင့် အရေးကို ရယူသင့်ပါသည်။ ဝါးပင်၏ထူးခြားချက်မှာ အကြီးမြန်ခြင်း၊ ဘက်စုံအသုံးဝင် ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုခြင်းတို့ပင် ဖြစ်ပါသည်။ ဝါးပင်၏ ထူးခြားချက်အချို့ကို တင်ပြရလျှင်-

(၁) ဘက်စုံအသုံးဝင်ပစ္စည်းဖြစ်ခြင်း။ (အစားအစာ၊ အဝတ်အထည်၊ ဆောက် လုပ်ရေး၊ လယ်ယာသုံး၊ အိမ်သုံးပစ္စည်း၊ ဆေးဝါးစသည်ဖြင့်)
(၂) စိုက်ပျိုးထုတ်လုပ်ရာတွင် အချိန်တို ၃-၅နှစ်အတွင်း ဆောင်ရွက်နိုင်ခြင်း။
(၃) မြန်မာနိုင်ငံတွင် ဝါးပင်ပေါများစွာရှိနေခြင်း။
(၄) ကျေးလက်ဒေသ ဝင်ငွေတိုးရေးအတွက် အလားအလာကောင်းသော ပစ္စည်းဖြစ်ခြင်းနှင့်
(၅) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် သစ်ပင်ထက်ပိုမိုစွမ်းဆောင် နိုင်ခြင်းတို့ပင် ဖြစ်ပါသည်။

အပင်လောကတွင် ဝါးပင်သည် သူ၏အလေးချိန် ၂၅ရာခိုင်နှုန်းကို ရွက်ကြွေ/ ကိုင်းကြွေအနေဖြင့် နှစ်စဉ်ပြန်ချွေချပေးရာဇီဝဒြပ်ထု (Biomass) အများဆုံးပံ့ပိုးပေး သော အပင်မျိုးဖြစ်ပါသည်။ ဝါးပင်သည် တစ်နည်းအားဖြင့် သဘာဝမြေသြဇာ ပြန်လည်ပံ့ပိုးပေးသော အပင်မျိုးဖြစ်ပါသည်။ ဝါးပင်သည် ဂေဟစနစ်ကောင်းမွန် ရေးကို အထူးပံ့ပိုးပေးသောအပင်မျိုး ဖြစ်ပါသည်။ အောက်ပါဂေဟစနစ် ထိန်းသိမ်းမှု လုပ်ငန်းများကို ဝါးပင်မှ ရရှိနိုင်ပါသည်။

- ရေအရင်းအမြစ်ထိန်းသိမ်းပေးခြင်း။
- မြေတိုက်စားမှုကာကွယ်ပေးခြင်း။
- လေပြင်းတိုက်ခတ်မှုမှ ကာကွယ်ပေးခြင်း(လေကာတန်း)။
- အောက်ဆီဂျင်ထုတ်လွှတ်ပေးမှုကောင်းခြင်း။

ဝါးစိုက်ခင်းနှင့် တူညီသော ဧရိယာရှိသည့် သစ်တောစိုက်ခင်းနှင့် နှိုင်းယှဉ်ပါက အောက်ဆီဂျင် ၃၀ မှ ၃၅ ရာခိုင်နှုန်း ပိုမိုထုတ်ပေးနိုင်ပါသည်။

- ဖုန်မှုန့်စုပ်ယူပေး၍ လေသန့်စင်ပေးခြင်း။
- ဝါးစိုက်ခင်း တစ်ဟက်တာသည် ကာဗွန်ဒိုင်အောက်ဆိုက် တန် ၃၇၀၊ ဆာလဖာဒိုင်အောက်ဆိုက် တန် ၉၀ နှင့် ဖုန်မှုန့် တန် ၉၀၀ ကို စုပ်ယူနိုင်ခြင်း။
- ဆူညံသံကိုနည်းပါးအောင် ပြုလုပ်ပေးခြင်း။
- ဇီဝမျိုးစုံမျိုးကွဲများ တည်တံ့မှုအထောက်အကူပြုခြင်း၊

(ဥပမာ-တောဆင်ရိုင်းများ၏ အဓိကအစားအစာမှာ ဝါးပင်ဖြစ်ပါသည်။)

ယင်းအပြင် ယခုအခါ စားသောက်ဆိုင်အတွင်း၊ ဟိုတယ်ဝင်းအတွင်း၌ ဝါးကို အလှဆင်အပင်အဖြစ် စိုက်ပျိုးလာကြပါသည်။

## ဝါးပင်ပျံ့နှံ့ပေါက်ရောက်ခြင်း

ဝါးသည် အာဖရိက၊ အမေရိက၊ အာရှနှင့် ပစိဖိတ်ဒေသများရှိ အပူပိုင်း (Tropical)ဇုန်၊ သမပိုင်း (Sub Tropical) ဇုန်နှင့် အအေးသမပိုင်းဇုန် (Temperate) များတွင် သဘာဝအလျောက် ကျယ်ကျယ်ပြန့်ပြန့် ပေါက်ရောက်လျက်ရှိပါ သည်။ များသောအားဖြင့် သမပိုင်း (Sub Tropical) ဇုန်ဒေသနှင့် အပူပိုင်းဇုန် များတွင် ပေါက်ရောက်လျက်ရှိပါသည်။ ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ သမပိုင်းဇုန်၊ ဟိမဝန္တာတောင်တန်းနှင့် အင်ဒီး(စ်) Andes တို့တွင်လည်း အနည်းငယ် ပေါက်ရောက်သည်ကို တွေ့ရှိနိုင်ပါသည်။ လတ္တီတွဒ်အားဖြင့် ၄၆ ဒီဂရီမြောက်နှင့် ၄၇ ဒီဂရီတောင်အတွင်း ပေါက်ရောက်ပြီး အမြင့်အားဖြင့် ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၃၀၀နှင့် ၂၆၀၀ အတွင်း ပေါက်ရောက်နေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင်လည်း တစ်နိုင်ငံလုံးနီးပါး ဝါးပင်ပေါက်ရောက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

## ကမ္ဘာပေါ်ရှိ ဝါးများသဘာဝအလျောက် ပျံ့နှံ့ပေါက်ရောက်ပုံ

ယခုလက်ရှိ အခြေအနေအရ ဝါးမျိုးစုံ ၇၅ မျိုးစုနှင့် မျိုးစိတ် ၁၂၅၀ ရှိကြောင်း သိရှိရပါသည်။ အာရှအပူပိုင်းဒေသတွင် ဝါးမျိုးစု ၄၅ စုနှင့် မျိုးစိတ် ၇၅၀ ရှိသောကြောင့် ဝါးအများဆုံးပေါက်ရောက်သည့် ဒေသဟု ယူဆနိုင်သည်။ ကမ္ဘာတွင် ဝါးတော ဧရိယာအများဆုံးပိုင်ဆိုင်သောနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ဒုတိယမှာ အိန္ဒိယနှင့် မြန်မာနိုင်ငံက တတိယလိုက်ကြောင်း သိရှိရပါသည်။

**ကမ္ဘာ့သဘာဝဝါးတောများ အခြေအနေ**

| နိုင်ငံ | ဧရိယာ(ဟက်တာ) | ဝါးမျိုးစိတ်ပေါင်း |
|---|---|---|
| တရုတ် | ၄၀၀၀၀၀၀ | ၅၀၀ |
| အိန္ဒိယ | ၂၉၈၀၀၀၀ | ၁၃၆ |
| မြန်မာ | ၂၁၇၀၀၀၀ | ၁၀၂ |
| ထိုင်း | ၅၁၀၀၀၀ | ၅၀ |
| ဘင်္ဂလားဒေ့ရှ် | ၅၁၀၀၀၀ | ၃၀ |
| လာအိုနှင့်ကမ္ဘောဒီးယား | ၁၃၀၀၀၀ | - |
| ဗီယက်နမ် | ၂၈၇၀၀၀ | ၁၀၁ |
| ဂျပန် | ၁၂၃၀၀၀ | ၂၃၀ |
| အင်ဒိုနီးရှား | ၆၀၀၀၀ | ၃၀ |
| မလေးရှား | ၂၀၀၀၀ | ၄၄ |
| တောင်ကိုရီးယား | ၈၀၀၀ | ၁၃ |
| ဖိလစ်ပိုင် | ၈၀၀၀ | ၅၅ |
| သီရိလင်္ကာ | ၂၀၀၀ | ၃၀ |
| ပစိဖိတ်သမုဒ္ဒရာရှိကျွန်းနိုင်ငံများ | ၂၀၀၀၀၀ | ၁၀ |
| အမေရိကန် | ၁၅၀၀၀၀၀ | ၄၀၀ |
| အာဖရိက | ၁၅၀၀၀၀၀ | ၅၀ |
| **စုစုပေါင်း** | **၁၄၀၀၈၀၀၀** | |

ဝါးပေါက်ရောက်ပုံပေါ်မူတည်၍ ဝါးသုံးမျိုး ထပ်မံခွဲခြားနိုင်ပါသည်။ ယင်းတို့မှာ-

**တစ်ပင်ချင်းပေါက်သော ဝါးမျိုး (Monopodial)**

တစ်ပင်ချင်းပေါက်သောဝါးမျိုးကို ကမ္ဘာ့အအေးပိုင်းဒေသဖြစ်သည့် ဂျပန်နှင့် တရုတ်နိုင်ငံများတွင် အများဆုံးတွေ့ရှိနိုင်ပါသည်။ မြန်မာနိုင်ငံ တောင်ပေါ်ဒေသတွင် လည်း တွေ့ရှိနိုင်ပါသည်။ ဤဝါးမျိုးများ၏ မြေအောက်ပင်စည်သည် မြေလျှောက်ကာ မျိုးပြန့်ပွားပြီး ထိုမြေအောက်ပင်စည်၏ ဘေးဘက်မှ အဖူး(Lateral bud) မှ အတက် ထွက်သောကြောင့် မြေပေါ်တွင် တစ်ပင်ချင်းပေါက်နေသကဲ့သို့ တွေ့ရှိရခြင်းဖြစ်ပါ သည်။

**အစုလိုက်ပေါက်သော ဝါးမျိုး (Sympodial)**

အစုလိုက်ပေါက်သော ဝါးမျိုးကို အပူပိုင်းဒေသဖြစ်သည့် မြန်မာ၊ အိန္ဒိယ စသည့်နိုင်ငံတို့တွင် အများဆုံးတွေ့ရှိနိုင်ပါသည်။ ဤဝါးမျိုးတွင် မြေအောက်ပင်စည် (Rhizome) မှ အဖူး(Bud)သည် မြေအောက်ရှိ မိခင်ပင်စည်၏ အနီး(သို့မဟုတ်) ဘေးဘက်တွင်ကပ်လျက် မြေအောက်ပင်စည်အသစ်တစ်ခု ထပ်မံပေါ်ထွက်လာပြီး မျိုးပွားသောကြောင့် အစုလိုက် အပုံလိုက်(ဝါးရုံ) သဘောအဖြစ် ရောက်ရှိလာခြင်း ဖြစ်ပါသည်။ စုပြုံကျပ်သိပ်ပေါက်ရောက်သည့် အပူပိုင်းဒေသရှိ ဝါးပင်တို့၏ ကြီးထွားမှု သည် နေ၊ ရေနှင့် အပူချိန်ကောင်းမွန်စွာရရှိသောကြောင့် အကြီးမြန်စွာပေါက်တတ် လေ့ရှိပါသည်။ ဝါးရုံတစ်ရုံ၏ အကြီးဆုံးအချင်းမှာ ၁၂ ပေအထိ ရှိသည်ကို တွေ့ရှိ နိုင်ပါသည်။

**အထက်ပါအုပ်စုနှစ်စု စပ်ဝါးမျိုး (Amphipodial)**

မြန်မာနိုင်ငံ ရခိုင်ဒေသ၌ ပေါက်သော ကရင်ဝါးမျိုးဖြစ်ပါသည်။

## မြန်မာနိုင်ငံရှိဝါးမျိုးများနှင့် ဝါးတောဧရိယာ

မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၁ စုနှင့် ဝါးမျိုးစိတ် ၁၀၂ စိတ်ရှိသည်ဟု သိရပါသည်။ ယင်းတို့အနက် အပြည်ပြည်ဆိုင်ရာဝါးနှင့် ကြိမ်ကွန်ရက် (Inbar) (International Network for Bamboo and Rattan) မှ ထုတ်ပြန်ထားသော စံချိန်စံညွှန်းများအရ မြန်မာနိုင်ငံတွင် စီးပွားရေးအသုံးဝင် ဝါးမျိုး ၁၆ မျိုးခန့်ရှိပြီး ယင်းတို့မှာ ကြသောင်း၊ တင်း၊ မျှင်၊ သိုက်၊ ဝါးပိုး၊ သနပ်ဝါး၊ ကျလို့ဝါး၊ ဝါးပိုးမျက်ဆန်ကျယ်၊ ကလွေဝါး၊ ဝါးနီ၊ ထီးရိုးဝါး၊ ဝါးယား၊ ဝါးနက်၊ ဝါးပိုးကြီး၊ ဝါးဖယောင်း အစရှိသည်တို့ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံ၌ ဝါးထုတ်လုပ်မှုအတွက် အားထားရသော၊ တစုတစည်းတည်း ပေါက်သည့် အဓိကဝါးတောရှိသော ဒေသကြီးသုံးခုမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဝါးအဓိကပေါက်ရာဒေသများ**

| စဉ် | ဒေသ | ဧရိယာ(စတုရန်းကီလိုမီတာ) |
|---|---|---|
| ၁။ | ပဲခူးရိုးမဒေသ | ၈၁၉၅ |
| ၂။ | ရခိုင်ရိုးမဒေသ | ၇၇၇၀ |
| ၃။ | တနင်္သာရီ | ၁၈၇၃ |
| | **စုစုပေါင်း** | **၁၇၈၃၈** |

## ဝါးစိုက်ဖို့လိုပါသလား

သဘာဝတောထဲ၌ ဝါးများ အရုံလိုက်ပေါက်သည့်အခါ ထွက်လာသော မျှစ်စို့ များသည် အလင်းရောင်ရသည့်ဘက်ကို တိုးဝှေ့ကြီးထွားရသဖြင့် ဖြောင့်သည့်ဝါး နည်းပါးသည်။ လေးကိုင်းသဖွယ် သို့မဟုတ် ကောက်လေ့ရှိပါသည်။ တချို့ဝါး များသည် အပြင်ကအမြင်မှာ ဖြောင့်သော်လည်း အတွင်းက လိမ်နေတတ်ပါသည်။ အကျိုးဆက်အနေဖြင့် ဝါးပစ္စည်း (ဥပမာ-ဝါးတူ) ထုတ်သည့်အခါ လိမ်/စောင်း နေသော ဝါးတူများ ထွက်လာပြီး ပယ် (Reject) ဖြစ်သွားပါသည်။ ထို့ကြောင့် ပစ္စည်းထုတ်ရန် ရည်ရွယ်ပါက ဝါးစိုက်ရန် လိုပါသည်။ ဝါးများကို လွယ်ကူသော နေရာတစ်နေရာတည်းမှ အဖန်တလဲလဲ ခုတ်ယူခြင်းတို့ကြောင့် အရည်အသွေးမီ ဝါးများရရှိမှု နည်းပါးလာသည်ကို တွေ့ရပါသည်။ ထို့အပြင် ထုတ်လုပ်လိုသော ပစ္စည်းနှင့် ကိုက်ညီမည့်ဝါးမျိုးရရှိရန် လိုအပ်ခြင်း၊ လူသူနီးသောနေရာတွင် ဝါးရှားပါးလာခြင်းတို့ကြောင့် ဝါးစိုက်ရန်လိုပါသည်။ သယ်ယူပို့ဆောင်ရာတွင် ဝါးကို အလုံးလိုက် သယ်ယူခြင်းမှာ တွက်ခြေမကိုက်ချေ။(ဝါးသည် ၇၅ရာခိုင်နှုန်း Hollow အခေါင်း ဖြစ်နေပါသည်)။ CBRC (China Bamboo Research Centre) မှ Prof; Wang Shudong ၏တင်ပြချက်တွင် သစ်ပင်စိုက်သည်ထက် ဝါးစိုက်ပျိုး ခြင်းက အကျိုးအမြတ်သုံးဆပိုမိုရရှိနိုင်ကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် ဝါးစိုက်ရန် လိုအပ်ပါသည်။

## ဝါးထွက်ပစ္စည်းများ

ယခုအခါ အိမ်တစ်ဆောင်လုံးကို သစ်အစား ဝါးနှင့် (သစ်သားပမာ) ဆောက်လုပ်နိုင်ပါပြီ။ ဝါးများကို ကော်သုတ် Press ဖိအားပေးပြီး လိုချင်သော ဆိုက်တိုင်အရွယ် ခြောက်လက်မပတ်လည်(၆×၆)(ရှစ်လက်မပတ်လည်) (၈×၈) လျှာထိုးကြမ်းခင်း၊ အမိုးအကာအခင်းအတွက် သုံးထပ်၊ ငါးထပ်နှင့် ကွန်တိန်နာတင် ၁၂ ဘီးကားကြီးများ၏ ကြမ်းခင်းအတွက် ခုနစ်ထပ်သားဘုတ်ပြားများ ထုတ်လုပ် နေကြပါပြီ။ ယင်းအပြင် ဝါးရွက်မှ ဘီယာ (Bamboo Beer)၊ ဝါးမျှင်မှအင်္ကျီ၊ ဆေးဝါး၊ လူ့အသုံးအဆောင် အမျိုးမျိုး၊ ဝါးမီးသွေး၊ ဝါးရှလကာရည် စသည်ဖြင့် အမျိုးမျိုး ထုတ်လုပ်နေကြပါပြီ။ စာရေးသူကိုယ်တွေ့အနေဖြင့် ဝါးမီးသွေးကို ရေခဲ သေတ္တာတွင် ထားပါက လျှပ်စစ်မီးပြတ်တောက်သော်လည်း အထဲရှိအသား၊ ငါးများ၏အနံ့ထွက်ရှိမှု အလွန်နည်းကြောင်း တွေ့ရှိရပါသည်။ ဝါးမီးသွေးသည် မကောင်းသောအနံ့ဆိုး များကို စုပ်ယူရာတွင် အလွန် ထိရောက်၍ အခန်းတွင်း၌ ဖိနပ်၊ ဗီရို၊ အဝတ်စင်တို့တွင် ထားကြပါသည်။ ရေငွေ့စုပ် အားလည်း ကောင်းသဖြင့် ကွန်ပျူတာ၊ လျှပ်စစ်ပစ္စည်း အနီးအနားတွင်ထားလေ့ရှိပါ သည်။ ဝါးမီးသွေး အသုံးပြုခြင်းဖြင့် ရေဆိုးမြောင်းများ အတွင်းရှိရေများ အနံ့အသက်ကောင်းလာသည်ကို တွေ့ရပါသည်။

## ဝါးမှဝင်ငွေ

ကမ္ဘာတွင် ဝါးတင်ပို့ရောင်းဝယ်မှုတန်ဖိုးသည် ၂၀၀၆ ခုနှစ်တွင် အမေရိကန် ဒေါ်လာ လေးဘီလီယံကျော်ရှိခဲ့ပါသည်။ တရုတ်နိုင်ငံသည် ဝါးမှရရှိသော ပို့ကုန် တန်ဖိုးမှာ ၂၀၀၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံထိရခဲ့ပါသည်။ တရုတ် အပါအဝင် နိုင်ငံအချို့၏ ၂၀၀၆ ခုနှစ်က ဝါးနှင့် ကြိမ်တို့မှရရှိသော ဝင်ငွေကို အောက်ပါဇယားဖြင့် တင်ပြအပ်ပါသည်။

**ဝါးနှင့်ကြိမ်မှ ဝင်ငွေပြဇယား (အမေရိကန်ဒေါ်လာသန်းပေါင်း)**

| နိုင်ငံ | ပို့ကုန်ဝင်ငွေ |
|---|---|
| တရုတ် | ၁၇၄၈ |
| အင်ဒိုနီးရှား | ၄၃၃ |
| အီတလီ | ၄၂၁ |
| ဗီယက်နမ် | ၂၀၇ |
| ဖိလစ်ပိုင် | ၁၆၄ |
| ဂျာမနီ | ၁၂၂ |
| စပိန် | ၁၂၁ |
| အမေရိကန် | ၁၁၂ |
| ဘယ်လ်ဂျီယံ | ၈၈ |
| နယ်သာလန် | ၈၇ |

တစ်ကမ္ဘာလုံး၌ ဝါးထွက်ပစ္စည်းထုတ်လုပ်မှုတန်ဖိုး အမေရိကန် ဒေါ်လာ ၁၀ ဘီလီယံရှိသည်ဟု သိရပါသည်။

## စီးပွားရေးတွက်ခြေကိုက်

သစ်ပင်စိုက်ပါက သုံး၍ရရန်အတွက် (အသုံးပြုလိုသည့် သစ်မျိုးကို လိုက်၍) အနည်းဆုံး ၁၀ နှစ်မှ နှစ် ၂၀ စသဖြင့် ကြာပါသည်။ ဝါးမှာ အပူပိုင်းဒေသတွင် သုံးနှစ်မှ ငါးနှစ်၊ အအေးပိုင်းဒေသတွင် လေးနှစ်မှ ခြောက်နှစ်အထိသာ ကြာပါသည်။

မြန်မာနိုင်ငံသည် မကြာမီကာလတွင် နိုင်ငံတကာ အသိုင်းအဝိုင်း၌ ယခုထက် ပိုမိုဝင်ဆံ့လာပြီး ရောင်းဝယ်ဖောက်ကားမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ရာ စာရေးသူ အနေဖြင့် ဝါးနှင့်ပတ်သက်ပြီး စိုက်ပျိုးထုတ်လုပ်တင်ပို့မှုကို အားပေးလိုပါသည်။

ပြည်တွင်းသုံး သစ်လိုအပ်ချက် ဖြည့်ဆည်းနိုင်ရန်နှင့် ပြည်ပဝင်ငွေမပြတ် ရှာနိုင်ရန်အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၌ အရေးပါပြီး ကျေးလက်ပြည်သူတို့ ဆင်းရဲမှုလျှော့ချရေးအတွက် အလားအလာကောင်းသောပစ္စည်းဖြစ်သဖြင့် ဝါးကဏ္ဍ ပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်ကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဆင်ဖြူကျွန်းအသင်း (ရန်ကုန်) နှစ်ပတ်လည်တွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နှစ်ပတ်လည်တွေ့ဆုံပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း ကုန်သွယ်လယ်ယာဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

အသင်းပြက္ခဒိန်ကို အခမဲ့ဝေငှပြီး ပထမအကြိမ် နှစ်ပတ်လည်မဂ္ဂဇင်းကို ငွေကျပ် ၁၀၀၀ ဖြင့် ရောင်းချမည်ဖြစ်ပြီး ဗလာမပါကံစမ်းမဲများ မဲဖောက်ပေးမည် ဖြစ်သည်။ ၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ရန်ကုန်မြို့နေ ကျောင်းသား၊ ကျောင်းသူများ၊ အသက် (၇၅)နှစ်နှင့်အထက် သက်ကြီး ပူဇော်ခံဘိုးဘွားများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဥက္ကဋ္ဌ ဖုန်း-၀၉-၈၀၂၄၂၅၀၊ အထွေထွေအတွင်းရေးမှူး ဖုန်း-၀၉-၈၆၁၄၀၁၂ နှင့် ၀၉-၅၁၇၀၃၂၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)



**မိဘများနှင့် အစ်မကြီး ဒေါ်စိုး၊ ဒေါ်အေး၊ ခင်ပွန်း ဦးမင်းခိုင်တို့အား ရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ်နေ ဒေါ်သောင်း၊ သမီး ဒေါ်နုနုယဉ်၊ မြေး မအေး မြတ်ဖြိုး၊ မောင်မြင့်မြတ်မောင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ ဆေးကုသခန်း တစ်ခန်းအတွက် အလှူငွေ ကျပ် ၃၆ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။** (ဇီဝိတဒါနသံဃာ့ဆေးရုံ)

# စဉ့်ကူ အထက (ခွဲ) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စဉ့်ကူ အထက(ခွဲ)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းရှိ မြစ်မင်းဧရာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

၁၉၅၄ ခုနှစ်မှ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၃၁ ရက်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် သက်ပြည့် (သို့) လုပ်သက်ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးမြင့်လွင် (နေပြည်တော်) ဖုန်း-၀၉-၅၁၃၀၈၄၃၊ ဦးဝင်းလှိုင်(ရန်ကုန်) ဖုန်း-၀၉-၇၃၁၂၅၈၆၂၊ ၀၁-၅၈၁၆၇၆၊ ဒေါ်မြမြသွယ် (မန္တလေး) ဖုန်း-၀၂-၈၀၅၁၅၊ ဦးကျော်ကျော် (ကျေးရွာအုပ်ချုပ်ရေးမှူး၊စဉ့်ကူ) ဖုန်း-၀၉-၄၉၂၆၉၁၉၆၊ ဦးကျော်သန်း(နာယက) ဖုန်း-၀၉-၄၉၂၄၇၆၅၆နှင့် ဦးရဲဆွေ (အတွင်းရေးမှူး) မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ၊စဉ့်ကူတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ယူနီဆက်ဌာနေကိုယ်စားလှယ် တွေ့ဆုံ အခြေခံပညာရေးစီမံချက်လုပ်ငန်းများ တိုးချဲ့အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ယူနီဆက်ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါ ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ယူနီဆက်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေသည့် အခြေခံပညာရေး စီမံချက်လုပ်ငန်းများအား တိုးချဲ့အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံချက်လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရေး၊ ပညာရေးကောလိပ်များ၏ စွမ်းဆောင်မှုအရည်အသွေးမြင့်မားရေး၊ လူတိုင်းအတွက် ပညာရေးရည်မှန်းချက်များနှင့် ထောင်စုနှစ်ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေအား လေ့လာဆန်းစစ်ပြီး လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးရေး အစရှိသည့် လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အစိုးရအဖွဲ့သစ်လက်ထက်တွင် မသင်မနေရ မူလတန်းပညာရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်နေမှု၊ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ပညာရေးဆိုင်ရာဥပဒေများကို ပြန်လည်ပြုပြင် ရေးဆွဲဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးရာ Mr. Ramesh Shrestha က အဆိုပါလုပ်ငန်းများအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဘရွှေနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လာရောက်တွေ့ဆုံ

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ယူနီဆက်ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)





**(၁၂)ကြိမ်မြောက် အာဆီယံကြေးနန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပစဉ်။**

(သတင်းစဉ်)

# ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲများ တောင်ကြီးမြို့နှင့် မော်လမြိုင်မြို့တို့၌ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၇

**ရှမ်းပြည်နယ် တောင်ကြီးမြို့ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၅ နာရီတွင် တောင်ကြီးမြို့ မြို့မဈေးကြီးရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မြို့ခံပြည်သူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မြို့မဈေးကြီးရှေ့ ဒီဇင်ဘာ အားကစားလ စုပေါင်းလမ်းလျှောက်ပွဲ လမ်းဖြတ်ပိုစတာအောက်တွင် နေရာယူပြီး လမ်းလျှောက်ပွဲကို သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်သူလူထုများ၊ ကျောင်းသား၊ ကျောင်းသူများသည် ဗိုလ်ချုပ်လမ်းမအတိုင်း စူဠာမုနိ လောကချမ်းသာစေတီတော် ရင်ပြင်အထိ တပျော်တပါး လမ်းလျှောက်ကြသည်။

အလားတူ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဒီဇင်ဘာ ၃ ရက် နံနက် ၅ နာရီခွဲတွင် ပြည်နယ် အစိုးရအဖွဲ့ရုံး မောရဝတီပန်းခြံအရှေ့စုရပ်မှ ကမ်းနားလမ်းတစ်လျှောက် ရာမညအားကစားပြိုင်ဝင်းအထိ ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှု ကိုယ်လက်ကြံ့ခိုင်ရေး စုပေါင်းလမ်းလျှောက်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ပါဝင်လမ်းလျှောက်သည်။

အဆိုပါ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လမ်းလျှောက်ပွဲသို့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ ပါဝင်စုပေါင်းလမ်း လျှောက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ ကျောင်းသားအားကစား ပြိုင်ဝင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ပြေးလမ်းနှင့် ဘောလုံးကွင်း ပြင်ဆင်ထားရှိမှု၊ ကမ်းနားလမ်း တစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် လမ်းဘေးပလက်ဖောင်းအုတ်ခုံများတွင် ရောင်စုံကွန်ကရစ်ဘလောက်တုံးများ ခင်းကျင်းပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဈေးကြိုရပ်ကွက် ရတနာထွန်းပွဲရုံတန်းနယ်မြေအတွင်း ကုန်စည်ဒိုင်ဖွင့်လှစ်ရောင်းချနေမှု၊ မုပွန်ရပ်ကွက်ရှိ မော်လမြိုင်-နတ်မှော် ကျောက်မီးသွေး ဆိပ်ခံဗောတံတားဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ မြေထိန်းနံရံများ ပြုလုပ်ဆောင်ရွက်ထားရှိမှုနှင့် ရေယာဉ်/ ပွဲထောင်များ စနစ်တကျ ဝင်၊ ထွက်သွားလာနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မော်လမြိုင်မြို့ အောက်လမ်းမကြီးတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ လမ်းပေါက်များ ပြုပြင်ခင်းကျင်းပြီးစီးမှုများ၊ မြို့တွင်းလမ်းများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် လမ်းလယ်ကျွန်း စိမ်းလန်းစိုပြည်စေရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# (၁၂)ကြိမ်မြောက် အာဆီယံကြေးနန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၇

**(၁၂)ကြိမ်မြောက် အာဆီယံကြေးနန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (TELSOM) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ပင်မအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။**

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်က အမှာစကားပြောကြားရာတွင် အိုင်စီတီအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (TELSOM) နှင့် USABC တို့အကြား ASEAN. ICT Master Plan နှင့် စပ်လျဉ်း၍ ရေရှည်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်သွားရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ၂၀၁၁ခုနှစ် နိုဝင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့် US. ASEAN Business Council Dialogue with ASEAN TELSOM တွင် ရရှိခဲ့သော ဆွေးနွေးမှုရလဒ်များကို တင်ပြကြပြီး ASEAN - ICT Master Plan အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များတွင် USABC အဖွဲ့ဝင် Google. Seagates စသည့် ကုမ္ပဏီများက ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အာဆီယံ-အိုင်စီတီ စင်တာ ဒါရိုက်တာ ဦးသန်းထွန်းအောင်က USABC နှင့် TELSOM တို့ ပူးပေါင်းဆောင်ရွက်ရာတွင် လမ်းညွှန်မှုပေးနိုင်မည့် ASEAN - ICT Master Plan ပါ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

USABC သည် ASEAN TELSOM အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ ငါးနှစ်ကာလအထိ ရှိခဲ့ပြီး ယခုအချိန်တွင် TELSOM အဆင့် ဆွေးနွေးသည်မှာ တတိယအကြိမ် ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် (၁၁)ကြိမ်မြောက် အာဆီယံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (THE 11th ASEAN TELECOMMUNICA-TIONS & INFORMATION TECHNOLOGY MINISTERS MEETING TELMIN) ကို ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# (၁၁)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလ တံခွန်စိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

(၁၁)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလတံခွန်စိုက်ပြိုင်ပွဲကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၇ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ လာအို၊ ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံများသို့ ဖိတ်ကြားထားသည်။

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကာယဗလမောင်ပြိုင်ပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ မြန်မာ့ကာယဗလမောင်များအနေဖြင့် ထူးချွန်စွာအောင်မြင်နိုင်ရန်၊ ပြိုင်ပွဲအတွေ့အကြုံ ရရှိရန်နှင့် ယှဉ်ပြိုင်ဘက်များ၏ အားနည်းချက်၊ အားသာချက်များကို သုံးသပ်နိုင်ရန် ယခုကဲ့သို့ ကြားဖြတ်ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သည့် (၁၁)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(မောင်လှိုင်)

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

၂၀၁၁ခုနှစ် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကို ဒီဇင်ဘာ ၆ ရက်တွင် ဘားအံမြို့ အောင်သံလွင် ပြည်နယ်အားကစားကွင်း၌ ဆက်လက်ကျင်းပရာ သံလွင်အသင်းက ဖာပွန်မြို့နယ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဒီဇင်ဘာ ၈ ရက်တွင် ဗိုလ်လုပွဲအဖြစ် မြဝတီမြို့နယ်အသင်းနှင့် သံလွင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၁၂)ကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

(၁၂)ကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ပထမဆု ငွေကျပ် တစ်သိန်းငါးသောင်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်း၊ တတိယဆု ငွေကျပ် ခုနစ်သောင်း၊ နှစ်သိမ့်ဆု ငွေကျပ် သုံးသောင်း ငါးဆုဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် (၁၂)ကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မှတ်တမ်းတင်ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ ပြိုင်ပွဲရက်တွင် စာရင်းပေးသွင်းရိုက်ကူးသူများသာ ပြိုင်ပွဲပုံတင်သွင်းခွင့်ရှိသည်။ ဖလင် သို့မဟုတ် ဒစ်ဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးနိုင်သည်။ ဖလင်ကင်မရာများအတွက် နဂ္ဂတစ်၊ ဒစ်ဂျစ်တယ်ကင်မရာများအတွက် JPEG ဖိုင်တစ်မျိုးတည်းဖြင့် ပူးတွဲတင်ပြရမည်။

**တင်သွင်းနိုင်**

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ၁၀" × ၁၄" အရွယ် အလျားလိုက်ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံလေးပုံအထိ တင်သွင်းနိုင်သည်။ ဆင်တူယိုးမှားပုံများ တင်သွင်းခြင်း မပြုရ။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် အစက်အပြောက် ဖာထေးခြင်းနှင့် Trim ပြုလုပ်ခြင်းမှအပ မည်သည့်ကွန်ပျူတာပြုလုပ်ချက် (Effect)ကိုမျှ လက်ခံမည်မဟုတ်ပါ။ ရိုက်ကူးသည့် ကင်မရာများအား Date, Time ဆက်တင်များ မှန်ကန်စေရန် ကိုက်ညှိထားရမည်။ စည်းကမ်းချက်နှင့် မကိုက်ညီသည့် ပြိုင်ပွဲဝင်ပုံများအား လက်ခံမည်မဟုတ်ပါ။ ပြိုင်ပွဲဝင်တစ်ဦးသည် ဆုကြီးတစ်ဆုနှင့် နှစ်သိမ့်ဆုတစ်ဆု စုစုပေါင်း နှစ်ဆုသာ ခံစားခွင့်ရှိသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား ၃၀ - ၁၂ - ၂၀၁၁(သောကြာနေ့) မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ဦးသန်းထွဋ်၊ ဌာနခွဲမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီထံ တင်သွင်းရမည်။ ဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်ရေးအဖွဲ့၏ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။ ဆုရွေးချယ်ရေးနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဆုပေးပွဲမတိုင်မီ အာမခံငွေကျပ် နှစ်သောင်းနှင့်အတူ ဆုရွေးချယ်ရေးအဖွဲ့ထံ တင်သွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း (၁၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံသို့ တက်ရောက်လာကြသည့် တိုင်းရင်းဆေး သမားတော်ကြီးများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

# (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညီလာခံကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဒီဇင်ဘာ ၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်ကြီးများအား ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

ဂုဏ်ပြုညစာစားပွဲသို့ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးကောင်စီဝင်သမားတော်ကြီးများ၊ (၁၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညီလာခံကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့သို့ ဂုဏ်ပြုညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်ကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၈-၁၂-၂၀၁၁ (ကြာသပတေးနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓမ္မဂီတသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "လောကအကြောင်းသိမှ နိဗ္ဗာန်ရ" တရားတော် [ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)]
၆း၃၀ အံ့ဖွယ်တစ်မူ "ဆဒ္ဒန်ဂူ"
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၄၉)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂)**
၈း၄၅ R Zar Ni One Man Show (Part-5)
၉း၃၅ ဇေယျာကမ်းအလှမှာ ထွန်းပလာမည့်မေ့မြစေတီတော်များ
၉း၅၀ အလယ်ချောင်းကျေးရွာ၏ ကျေးလက်ရိုးရာဘုံကထိန်အလှူပွဲ
၁၀း၀၅ မန်းမြေမှ ရွှေဘုံသာစေတီတော် မြတ် ရွှေထီးတော်တင်လှူပွဲ
၁၀း၂၅ သူမတူလှူသည့်ပွဲ ခြိမ့်ခြိမ့်သဲ ဆင်နွှဲမိဘရိပ်မှ ကထိန်ပွဲ
၁၀း၄၅ ပြေတီဦးပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေပဒေသာကပွဲ (အပိုင်း-၃)
၁၁း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂၃)**
၁၂း၃၀ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့နှင့် ထူးဖောင်ဒေးရှင်းတို့၏ ပူတာအိုဒေသ မျက်စိဝေဒနာကုသမှုအလှူ
၁း၀၀ "လောကအကြောင်းသိမှ နိဗ္ဗာန်ရ" တရားတော် [ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)]
၂း၀၀ MRTV-4 သတင်း
၂း၂၀ Quiz Idol
၃း၀၀ Activities In The City
၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၄၉)**
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂)**
၄း၅၅ Activities In The City
၅း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂၃)**
၅း၄၅ စာပေမြတ်နိုးသူများအတွက် TAB Book CENTRE
၆း၀၀ MRTV-4 သတင်း
၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၅၀)**
၇း၁၀ R Zar Ni One Man Show (Part-6)
၈း၀၀ MRTV-4 သတင်း
၈း၃၀ ပြေတီဦးပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေပဒေသာကပွဲ (အပိုင်း-၄)
၉း၁၅ အနုပညာမိုးကောင်းကင်
၉း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃)**
၁၀း၂၅ The Champion of Dance
၁၁း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂၄)**
၁၁း၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂း၁၀ Style ရှိမှ Star ဖြစ်မယ်
၁၂း၅၅ ကျွန်းစိုက်ခင်းပထမအကြိမ် ပင်ကျပ်နုတ်ခြင်း
၁း၂၀ ဓာတ်ပုံထဲမှအမှတ်တရများ
၁း၄၀ ပြီးပြည့်စုံသော ကျန်းမာခြင်းများနှင့်. .
၁း၅၀ ရှမ်းမြောက်မြေက. . . မွှေးကြိုင်သင်းပျံ့. . . ဝူးလုံရနံ့
၂း၀၀ ယဉ်ကျေးသွင်ပြင်ဝတ်စားဆင်ပိုးချိတ်အသွင်
၂း၂၀ နှလုံးသားဖြင့် မြင်နိုင်စွမ်းသူတို့၏ Physiotherapy Clinio
၂း၃၅ ဖက်ရှင်ကျကျ ဒီဇိုင်းလှလှ
၂း၅၀ အားကိုးအားထား (ဖိုးသောကြာ၊ ဦးမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-ကောင်းမြတ်)
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ လှပသစ်ဆန်းအလှပြင်ခန်း
၄း၂၅ မုံရွာမြို့ရဲ့အထင်ကရနေရာ ကိုးခု
၄း၄၅ ထူးခြားမြင့်မြတ် ပြည့်စုံခြင်းတို့စုဝေးတည်ရှိရာ (မြန်မာနိုင်ငံ၏ တစ်ဆူတည်းသော တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား)
၅း၀၀ အစီအစဉ်ပြီး။

# (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပ

# မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အဆိုပြုချက်များကို တင်သွင်း

နေပြည်တော် ဒီဇင်ဘာ ၇

**(၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေးပညာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဝါးများ၏ အရည်အသွေး အဆင့်မီထက်မြက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့ကို ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အဆိုပြုချက်များကို တင်သွင်းကြရာ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ပြည်သူလူထုအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ပိုမိုအားထုတ်ဆောင်ရွက်သွားရန် အဆိုကို ညီလာခံကိုယ်စားလှယ် ကချင်ပြည်နယ် မြန်မာ့တိုင်းရင်းဆေးဆရာ ဦးဝင်းမြင့်ထွန်းက အဆိုပြုတင်သွင်းပြီး အဆိုပြုချက်ကို ညီလာခံကိုယ်စားလှယ် စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့တိုင်းရင်းဆေးသမားတော်ညီလာခံကိုယ်စားလှယ် ကောလင်းမြို့နယ် တိုင်းရင်းဆေးကုဌာန လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ချောစုဝင်းက ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုထိရောက်ချောမွေ့မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးတွင် တိုင်းရင်းဆေးပညာဦးစီးဌာန၏ ဖွဲ့စည်းပုံနှင့် ဦးဆောင်မှုတိုးချဲ့မြှင့်တင်ဆောင်ရွက်ရန် အဆိုကို ညီလာခံကိုယ်စားလှယ် ကရင်ပြည်နယ် ဘားအံခရိုင် ခရိုင်တိုင်းရင်းဆေးမှူး ဦးသန်းထွဋ်က တင်သွင်းပြီး ညီလာခံကိုယ်စားလှယ် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် တိုင်းရင်းဆေးကုဌာန ဒုတိယတိုင်းရင်းဆေးမှူး ဦးအောင်သူက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အရည်အသွေးပြည့်ဝပြီး ကျင့်ဝတ်သိက္ခာစောင့်ထိန်း၍ မိမိပညာရပ်ကို လေးစားတန်ဖိုးထားသော တိုင်းရင်းဆေးပညာရှင် လူ့စွမ်းအားစုများကို မွေးထုတ်လေ့ကျင့်ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် အဆိုပြုချက်ကို ညီလာခံကိုယ်စားလှယ် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးတက္ကသိုလ်မှ ကထိက/ဌာနမှူး ဦးမောင်မောင်သက်က တင်သွင်းပြီး ညီလာခံကိုယ်စားလှယ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးသိန်းသန်းဝင်းက ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ တိုင်းရင်းဆေးသမားတော်များညီလာခံ မွှန်းလွဲပိုင်းအစီအစဉ်ကို ကျင်းပရာ ကျေးလက်အခြေပြု တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားရန် အဆိုကို ညီလာခံကိုယ်စားလှယ် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာ ဒေါ်လှလှယဉ်က အဆိုတင်သွင်းပြီး ညီလာခံကိုယ်စားလှယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ တောအုပ် ဒေါ်ခင်မျိုးဆွေက ထောက်ခံဆွေးနွေးသည်။

ထို့နောက် မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် အဆိုကို ညီလာခံကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာ ဦးတင်သိန်းက တင်သွင်းပြီး ညီလာခံကိုယ်စားလှယ် ရခိုင်ပြည်နယ် သံတွဲခရိုင် တိုင်းရင်းဆေးကုဌာန ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်လှမြင့်သူက ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံမှ ချမှတ်မည့်ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ အစည်းအဝေး၏ ဆန္ဒရယူခြင်းနှင့် အဆိုများကို မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

# မုဒုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

မုဒုံမြို့နယ်အသင်း (ရန်ကုန်)၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြစံပယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ အသင်းဝင်လိုသူများနှင့် မုဒုံမြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကိုပါကျင်းပမည်ဖြစ်ရာ အသက်(၈၀)နှင့်အထက် အသင်းဝင်များနှင့် အသင်းဝင်များ၏ မိဘများ၊ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များနှင့် သားသမီးများ၊ နိုင်ငံတော်အဆင့် ဘွဲ့ထူး ဂုဏ်ထူးရရှိကြသူများ၊ အားကစားပြိုင်ပွဲများနှင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် အသင်းဝင်များနှင့် သားသမီးများသည် အထောက်အထားမိတ္တူများကို ဒီဇင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုများအတွက် လျှောက်လွှာပါ ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း) ဖုန်း-၅၈၅၃၀၂၊ ဦးသာလှ ဖုန်း-၅၃၉၄၅၃၊ ဦးငွေစိုး ဖုန်း-၅၆၉၃၁၃၊ ဦးတင်ကြိုင် ဖုန်း-၅၇၈၄၇၄၊ ဦးစိုးတင် ဖုန်း-၅၃၈၇၂၁ နှင့် နီးစပ်ရာ အလုပ်အမှုဆောင်များထံ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

# ၂၀၁၁ ခုနှစ် အဌမအကြိမ် Japan Cup ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

၂၀၁၁ ခုနှစ် အဌမအကြိမ် Japan Cup ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး သံအမတ်ကြီး Mr. TAKASHI SANTO နှင့် သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး သံအမတ်ကြီး Mr. TAKASHI SANTO နှင့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းတို့က အမှာစကားပြောကြားပြီး ပထမနေ့ ပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)** (ကြေးမုံ)



# (၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အေရိုးဗစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၇

**၂၀၁၁ ခုနှစ် (၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း အေရိုးဗစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် (သုဝဏ္ဏ)အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသည်။**

အခမ်းအနားတွင် ပထမတံခွန်စိုက်ဆုရ ကချင်ပြည်နယ်အသင်းမှအပ ကျန်ပြိုင်ပွဲဝင်အသင်းများအား အထူးဆုများ၊ ကိုးယောက်တွဲပြိုင်ပွဲ(အငယ်တန်း)တွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ကရင်ပြည်နယ်အသင်းနှင့် တတိယဆုရ ရခိုင်ပြည်နယ်အသင်း၊ ကိုးယောက်တွဲပြိုင်ပွဲ (အကြီးတန်း)တွင် ပထမဆုရ ကချင်ပြည်နယ်အသင်း၊ ဒုတိယဆုရ ကရင်ပြည်နယ်အသင်းနှင့် တတိယဆုရ မကွေးတိုင်းဒေသကြီးအသင်း၊ သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်အသင်း၊ ဒုတိယဆုရ ကရင်ပြည်နယ်အသင်းနှင့် တတိယဆုရ မကွေးတိုင်းဒေသကြီးအသင်း၊ တစ်ဦးချင်း စိတ်ကြိုက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရ ဆိုင်းမိုင် (ကချင်ပြည်နယ်)၊ ဒုတိယဆုရ ခင်သဥ္ဇာသိန်း (ရန်ကုန်တိုင်းဒေသကြီး)နှင့် တတိယဆုရ မြတ်မွန်ကိုကို (ရှမ်းပြည်နယ်)တို့အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ နာယကများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၏ ဇနီးများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရ ကချင်ပြည်နယ်အသင်းအား အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ဌေးဌေးငြိမ်းက ငွေသားဆုငွေကျပ်တစ်သိန်းငါးသောင်း၊ တံခွန်စိုက်ဒိုင်းဆုကြီးကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်နှင့် ဆင့်ပွားဒိုင်းကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**၂၀၁၁ ခုနှစ် (၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း အေရိုးဗစ်ပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင် ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

# ဂေါက်သီးရိုက်အားကစားနည်း အခြေခံသင်တန်းဆင်း

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် R&A Rules Limited(St. Andrews) တို့ ပူးပေါင်းကျင်းပသော ဂေါက်သီးရိုက်အားကစားနည်း စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခြေခံသင်တန်း (Introductory Rules School, Level 1) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင် ပြည်လမ်း၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ မြန်မာဂေါက်သီးရိုက်အသင်း Captain ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က အမှာစကားပြောကြားပြီး သင်တန်းတက်ရောက်ပြီးစီးကြောင်း အသိအမှတ်ပြုလက်မှတ်များကို သင်တန်းသားများ၏ ကိုယ်စားလှယ်များထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**(သတင်းစဉ်)



# မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ (၁၂)ကြိမ်မြောက်တိုင်ခဲ့ပြီ

# မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် အစွမ်းထက်ဆေးများထုတ်လုပ်နိုင်ရန် အထောက်အကူပြု

တွေ့ဆုံမေးမြန်း - ဖြိုးဇင်
ဓာတ်ပုံ - ငွေအောင်

**'အာရောဂျ ပရမံ လာဘံ' ဟူသည့်အတိုင်း ကျန်းမာခြင်းသည် အမွန်မြတ်ဆုံးသော လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာမှ အသက်ရှင်ရပ်တည်ရေးအတွက် အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ အလုပ်လုပ်ကိုင်နိုင်မှသာလျှင် မိမိအတွက်သာမက နိုင်ငံနှင့် လူမျိုးအတွက် အကျိုးပြုနိုင်မည်ဖြစ်သည်။**

ယနေ့ခေတ်အခါတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုများက လျင်မြန်စွာဖြစ်ပေါ်တိုးတက်လာသလို ခေတ်မီနည်းပညာ အသုံးပြုစိုက်ပျိုးနည်းစနစ်များ၊ စားသောက်ကုန် ထုတ်လုပ်မှုစနစ်များကြောင့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာရသည်။ တစ်ဖက်တွင်လည်း ပြောင်းလဲဖောက်ပြန်လာသော ရာသီဥတုနှင့် သဘာဝတရားကြောင့် လည်းကောင်း၊ လူတို့၏ နေ့စဉ်ဘဝနေထိုင်မှုပုံစံများကြောင့် လည်းကောင်း ရောဂါဘယထူပြောမှုစသည့် အဆိုးအကောင်းဒွန်တွဲစပ်ယှက် ဖြစ်ပေါ်လာရသည်။ ထို့ကြောင့် လူတိုင်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ အခြေခံကျန်းမာရေးအသိပညာရှိရေးတို့ လိုအပ်သည်။

မိမိတို့မြန်မာလူမျိုးများသည် သမိုင်းစဉ်လာအရ ရိုးရာတိုင်းရင်းဆေးဝါးများကို ယုံယုံကြည်ကြည် သုံးစွဲခဲ့ကြသည်။ အစွမ်းထက် အနောက်တိုင်းဆေးဝါးများ မည်သို့ပင် ပေါ်ပေါက်လာသော်လည်း မိမိတို့တိုင်းရင်းသား အများစုနေထိုင်ရာ ကျေးလက်ဒေသနေ ပြည်သူများအတွက် လက်လှမ်းတမီရှိနေသည်မှာ မြန်မာ့တိုင်းရင်းဆေးများပင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့ပြည်သူများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် တိမ်မြုပ်ပျောက်ကွယ်နေသော မြန်မာ့တိုင်းရင်းဆေးများ ပြန်လည်ပေါ်ထွန်းလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဦးဆောင်ကာ ပြန့်ကျဲနေသော တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးဝါးများ ပြန်လည်စုစည်းမိစေရန် မြန်မာ့တိုင်းရင်းဆေးလောကကို ပြန်လည်မြှင့်တင်ပေးလျက်ရှိသည်။

မြန်မာ့တိုင်းရင်းဆေးလောကမြှင့်တင်မှုတစ်ရပ်အနေဖြင့် နှစ်စဉ်ကျင်းပသော မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပရာ ကြေးမုံသတင်းအဖွဲ့လည်း သွားရောက်လေ့လာခဲ့သည်။ အဆိုတင်သွင်းချက်များ၊ ထောက်ခံချက်များ၊ စာတမ်းများ၊ ရိုးရာဝတ်စုံများဖြင့် တက်ရောက်လာသော တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ တိုင်းရင်းဆေးဆရာများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ အချင်းချင်း ချစ်ခင်ဖော်ရွေစွာ၊ စုစည်းညီညွတ်စွာဖြင့် နွေးထွေးသော ဆက်ဆံမှုများကို လေ့လာကြည့်မိသမျှ မြန်မာ့တိုင်းရင်းဆေးလောက ဖွံ့ဖြိုးမှုကျယ်ပြန့်နေသည့် အနက်အဓိပ္ပာယ်ပင် ဖြစ်ပေလိမ့်မည်။

ကြေးမုံသတင်းအဖွဲ့သည် ညီလာခံ တက်ရောက်လာသော ကိုယ်စားလှယ်တချို့ကို တွေ့ဆုံခဲ့ရသည့်အနက် ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှူး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) အတွင်းရေးမှူး(၁) ဦးသိန်းဝင်းက "ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းဦးစီးဌာနမှူးရုံးတစ်ရုံး၊ (၁၆)ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ ခရိုင်တိုင်းရင်းဆေးကုဌာန ငါးခု၊ မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၅ ခု၊ မြို့နယ်ခွဲ ၂၆ ခုဖြင့် ပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် ကုသစောင့်ရှောက်ပေးလျက်ရှိသည့်အပြင် ပညာပေးဟောပြောခြင်း၊ တိုင်းရင်းဆေးပညာသင်တန်းများဖွင့်လှစ်ခြင်း၊ တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း" တိုင်းဒေသကြီးအတွင်း တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ပြောကြားသည်။

ညီလာခံကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဒေဝယက္ခ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးဖြေက "တိုင်းရင်းဆေးသမားတော်များညီလာခံကို (၁၂)ကြိမ်မြောက်တိုင် မပျက်မကွက် တက်ရောက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းဆေးဆရာများနှင့် စုစုစည်းစည်းတွေ့ဆုံခွင့်ရသည့်အတွက် ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် အမြင်သစ်များ ရရှိကြောင်း" ပြောကြားသည်။

ဆက်လက်ပြီး ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးမောင်မောင်ဦးက "တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ကျင်းပခဲ့တာ (၁၂) နှစ်တာကာလထိ ရောက်ရှိအောင်ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်နေသူတိုင်းက စိတ်ကောင်းစေတနာကောင်းနဲ့ အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမယ်ဆိုရင် တိုင်းရင်းဆေးလောကဟာ ဒီထက်မက ပိုပြီးတိုးတက်လာမှာပါ"ဟု ပြောကြားသည်။

ဆန္ဒမွန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးကြည်ဝင်းက "မြန်မာ့တိုင်းရင်းဆေးဟာ ဘိုးဘွားအစဉ်အဆက် ယုံကြည်လက်ခံသုံးစွဲခဲ့ပြီး အဆင့်ဆင့်လက်ဆင့်ကမ်းသယ်ဆောင်ရမယ့် ဆေးပညာတစ်ရပ်ဖြစ်တဲ့အပြင် အမျိုးသားရေးဂုဏ်ဒြပ်ကို ထင်ဟပ်ဖော်ဆောင်တဲ့ဆေးပညာရပ်လည်း ဖြစ်ပါတယ်။ ဒီလိုညီလာခံတွေကို ကျင်းပပေးတဲ့အတွက် ညီလာခံမှာ တင်သွင်းတဲ့ စာတမ်းတွေကတစ်ဆင့် ကျွန်တော်တို့ရဲ့ဆေးပညာရပ်ဟာ ခေတ်မီ ဖွံ့ဖြိုးပြီး အများလက်ခံယုံကြည်တဲ့ စံချိန်စံညွှန်းမီ အရည်အသွေးကောင်း အစွမ်းထက် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်လာနိုင်မှာဖြစ်သလို မျိုးဆက်သစ်တိုင်းရင်းဆေးဆရာများအတွက် လက်ဆင့်ကမ်းနိုင်မယ့် ပညာရပ်အဖြစ် အရှည်တည်တံ့နိုင်မှာ ဖြစ်ပါတယ်"ဟု ဆိုသည်။

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆရာဦးထွန်းရွှေက "ညီလာခံ ကျင်းပလာခဲ့တာ ဆယ်စုနှစ်တစ်ခုကျော် ကာလကို ရောက်ရှိလာပြီဖြစ်သလို မြန်မာ့တိုင်းရင်းဆေးဟာလည်း ထင်သာမြင်သာရှိအောင် တိုးတက်လာခဲ့ပါတယ်။ ပိုပြီးတော့လည်း လူသုံးများလာတဲ့အခြေအနေကို ရောက်ရှိလာပါပြီ။ ဒီထက်ပိုပြီးတော့ တိုးတက်လာဖို့ဆိုရင် တိုင်းရင်းဆေးလောကသားတွေ အစဉ်ထာဝရ ပူးပေါင်းဆောင်ရွက်သွားကြဖို့လိုပါတယ်။ မိမိအနေနဲ့လည်း ညီလာခံနှစ်စဉ်မပျက် ဆက်လက်ကျင်းပနိုင်အောင် ကူညီဆောင်ရွက်သွားပါ့မယ်"ဟု ပြောကြားခဲ့သည်။

ဦးကြည်လင်း (စိန်ဘယက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)ကလည်း "ဆေးစွမ်းထက်မြက်တဲ့ တိုင်းရင်းဆေးဝါးတွေကို ရှေးမူမပျက်စစ်မှန်တဲ့ ပရဆေးကုန်ကြမ်းများကို အသုံးပြုပြီးတော့ တိုင်းရင်းဆေးဝါးဥပဒေများနဲ့အညီ၊ ခေတ်မီသေသပ်တဲ့ထုပ်ပိုးစနစ်များနဲ့အညီ ထုတ်လုပ်လျက်ရှိပါတယ်။ တိုင်းရင်းဆေးသမားတော်များညီလာခံကိုလည်း နှစ်စဉ်မပျက် တက်ရောက်လျက်ရှိပါတယ်။ စာတမ်းရှင်တွေ တင်သွင်းတဲ့စာတမ်းတွေကလည်း တစ်နှစ်ထက်တစ်နှစ် ပိုပိုပြီး တိုးတက်လာတာ တွေ့ရပါတယ်။ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးဖို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်သွားပါမယ်"ဟု ပြောကြားသွားသည်။

မှန်ချိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးကျော်ကျော်ငွေက "တိုင်းရင်းဆေးသမားတော်တွေ တစ်နှစ်ထက်တစ်နှစ် ပိုမိုရင်နှီးခွင့်ရသလို မျိုးဆက်သစ်တိုင်းရင်းဆေးဆရာတွေလဲ ပေါ်ထွက်လာတာ တွေ့ရပါတယ်။ ယခုလိုတိုင်းရင်းဆေးသမားတော်များ ညီလာခံကို နှစ်စဉ်မပျက် ကျင်းပပြီးတော့ အသစ်အသစ်ဆေးစွမ်းကောင်းတွေ ဖော်ထုတ်ကြမယ်၊ ဖြန့်ဝေကြမယ်ဆိုရင် မြန်မာ့တိုင်းရင်းဆေးဟာ မျိုးရိုးစဉ်ဆက် ဆက်လက်တည်တံ့နေမှာပါ"ဟု ညီလာခံတက်ရောက်ခဲ့မှုများအပေါ် ၎င်း၏အမြင်ကို ပြောပြသွားသည်။

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပညာသည် ရိုးရာအမွေအနှစ်ပညာရပ်တစ်ခုဖြစ်သလို ပြည်သူများကလည်း ရှေးရိုးစဉ်ဆက်ယုံကြည်စွာ သုံးစွဲလာခဲ့သောဆေးဝါးများဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးစွာဖြင့် အရှည်တည်တံ့နိုင်ရန်အတွက် တိုင်းရင်းဆေးလောကသားအားလုံးက စုစည်းညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။ ။



**"တိုင်းရင်းဆေးဆရာများ စုစုစည်းစည်း တွေ့ဆုံရသည့်အတွက် အမြင်သစ်များရရှိ"**

*ဦးဖြေ*
*ဒေဝယက္ခတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး*



**"တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးဖို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်သွားပါမယ်"**

*ဦးကြည်လင်း*
*စိန်ဘယက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး*



**"ပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် ကုသစောင့်ရှောက်ပေးလျက်ရှိ"**

*ဦးသိန်းဝင်း (တိုင်းရင်းဆေးဆရာအသင်း-ဗဟို-အတွင်းရေးမှူး-၁)*



**"မြန်မာ့တိုင်းရင်းဆေးဟာ လက်ဆင့်ကမ်း သယ်ဆောင်ရမယ့် ပညာရပ်ဖြစ်"**

*ဦးကြည်ဝင်း*
*ဆန္ဒမွန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး*



**"စိတ်ကောင်းစေတနာကောင်းနဲ့ အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းမယ်ဆိုရင် ဒီထက်တိုးတက်လာမှာပါ"**

*ဦးမောင်မောင်ဦး*
*ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး*



**"မြန်မာ့တိုင်းရင်းဆေးဟာ လူသုံးများလာတဲ့အခြေအနေကို ရောက်ရှိလာပါပြီ"**

*ဦးထွန်းရွှေ*
*ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး*



**"ဆေးစွမ်းကောင်းတွေ ဖော်ထုတ်၊ ဖြန့်ဝေကြမယ်ဆိုရင် မျိုးရိုးစဉ်ဆက် ဆက်လက်တည်တံ့မှာပါ"**

*ဦးကျော်ကျော်ငွေ*
*မှန်ချိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး*

# ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော်    ဒီဇင်ဘာ    ၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။**

**ပို့ဆောင်နှုတ်ဆက်**

ဧည့်သည်တော် ဝန်ကြီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့က နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)



ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

## ယ နေ့ သ တ င် း အ ညွှ န် း

### အခြေခံပညာရေးစီမံချက်လုပ်ငန်းများ တိုးချဲ့ အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေး

"လူတိုင်းအတွက် ပညာရေးရည်မှန်းချက်များနှင့် ထောင်စုနှစ်ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု လေ့လာဆန်းစစ်"

ပြည်တွင်းသတင်း စာမျက်နှာ - ၇

### ကျောက်မျက်အချောထည်လုပ်ငန်း ကြည့်ရှု၊ စက်မှုဇုန်မြေနေရာ စစ်ဆေး

"ခရမ်းစွဲကျောက်များအား တန်ဖိုးမြှင့်ထုတ်လုပ်၊ နိုင်ငံတကာသို့ ချိတ်ဆက်ရောင်းဝယ်နိုင်ရေး နိုင်ငံတကာကုန်စည်ပြပွဲများတွင် လိုက်လံပြသ"

ပြည်တွင်းသတင်း စာမျက်နှာ - ၃

# ICT နည်းပညာကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအများအပြားပေါ်ပေါက် ထိုအခြေအနေကို မိမိတို့ကလည်း အားကျအတုယူ ကြိုးပမ်းဆောင်ရွက်ကြရမည်

## မွန်ပြည်နယ် သထုံမြို့ ကွန်ပျူတာတက္ကသိုလ်(သထုံ)ကျောင်းဆောင်သစ်ဖွင့်

နေပြည်တော်    ဒီဇင်ဘာ    ၇

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဒီဇင်ဘာ ၅ ရက်တွင် မွန်ပြည်နယ် သထုံမြို့ ကွန်ပျူတာတက္ကသိုလ် (သထုံ) သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အဖွင့်အမှာစကားပြောကြားသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကျင်ဖေတို့က ကွန်ပျူတာတက္ကသိုလ်(သထုံ) သုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် "နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အား" ဆိုသည့် အင်အား (၃)ရပ်ကို တောင့်တင်းခိုင်မာစေရန် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်နိုင်စေရန် "ပညာရေး"သည် အဓိကမဏ္ဍိုင်ဖြစ်ကြောင်း၊ လူသားတစ်ဦးချင်းအနေဖြင့်သော် လည်းကောင်း၊ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့်သော်လည်းကောင်း ခေတ်မီ ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် "ပညာ"ကို မဏ္ဍိုင်ပြု၍ လိုရာခရီးချီတက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် သဘာဝအရင်းအမြစ်ဖြစ်သော Natural Resource နှင့် လူ့စွမ်းအား အရင်းအမြစ် ဖြစ်သော Human Resource တို့ ပြည့်စုံကြွယ်ဝပါက တိုင်းပြည်အေးချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝ

**စာမျက်နှာ ၄ ကော်လံ ၁ သို့**✳




**ကွန်ပျူတာတက္ကသိုလ်(သထုံ) သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ကွန်ပျူတာတက္ကသိုလ်(သထုံ)မှ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**

(သတင်းစဉ်)